ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့ (27-5-2014) (၇၈၅၃)

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ကန့်ဘလူ
၃ ဒသမ ၀၀ လက်မ
ဖလမ်း
၁ ဒသမ ၇၇ လက်မ
တမူး
၁ ဒသမ ၃၄ လက်မ
တီးတိန်
၁ ဒသမ ၀၄ လက်မ

ကျောက်ဖြူအထူးစီးပွားရေးဇုန် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာအကောင်အထည်ပေါ်လာစေရန် အကြံပေးဝန်ဆောင်မှု သဘောတူစာချုပ်ချုပ်ဆို

နေပြည်တော် မေ ၂၆

ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် CPG Consultants Pte., Ltd. ဦးဆောင်သော အကြံပေးကုမ္ပဏီများအုပ်စုတို့အကြား အကြံပေးဝန်ဆောင်မှု သဘောတူစာချုပ်ချုပ်ဆိုသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုလားတန်စီမံကိန်း အကောင်အထည်ဖော်ခြင်းဖြင့် စစ်တွေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေခြင်းဖြင့် မြောက်ဦးနှင့် သံတွဲဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးစေခြင်းဖြင့် မောင်တောဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ခြင်းဖြင့် ကျောက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်(၄)ခု ချမှတ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❒

လေဖိအားနည်းရပ်ဝန်း ဩရိဿကမ်းခြေ ဝင်ရောက်

နေပြည်တော် မေ ၂၆

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ယနေ့ မာတိကာ

ဥပဒေကို လေးစားလိုက်နာ

စာမျက်နှာ - ၂

ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရဟန်းရှင်လူ ပြည်သူများ၏ အကြံပြုချက်များပေးပို့ရန် ဖိတ်ခေါ်

စာမျက်နှာ - ၇၊ ၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် မေ ၂၆

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်က ကျောင်းသား၊ ဆရာ၊ မိဘပေါင်းစပ်၍ ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူကလေးများ ဖြစ်လာအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပညာသင်ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများထံ ပေးအပ်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက ကျောင်းလာရောက်အပ်နှံနေမှု၊ လက်ခံဆောင်ရွက်ပေးနေမှုများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များ ထောက်ပံ့ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဦးစောလှနှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှု

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

မော်တော်ယာဉ်များ အကောက်ခွန်ရှင်းလင်း

ရန်ကုန် မေ ၂၆

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၅-၂၀၁၄ ရက် အထိ ၃၁ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၂၉၄၈၄၇ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၄၀၂၂၅၇ ဒသမ ၇၂ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၄၃၀၈၇၇ ဒသမ ၇၈ သန်း စုစုပေါင်း ၈၃၃၁၃၅ ဒသမ ၅ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန်(CD) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၈၆၇၁၂ စီး၊ ကားအရောင်းပြခန်းများအတွက် ၆၈၅၀၇ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြင်ပနေ အလုပ်လုပ်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၃၃၆၄၆ စီးတို့ဖြစ်ကြောင်း သိရှိရသည်။ **(သိန်းဌေး)**

ကြေးမုံ စာတည်း ရှုထောင့် ၂၇-၅-၂၀၁၄၊ အင်္ဂါနေ့

ဥပဒေကို လေးစားလိုက်နာ

ယနေ့နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံသစ်အဖြစ် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိမည့်ဥပဒေများကို လွှတ်တော်များက အတည်ပြုပြဋ္ဌာန်းပေးလျက်ရှိပါသည်။ ထိုဥပဒေများကို သက်ဆိုင်ရာ ကျွမ်းကျင်သူနှင့် ပညာရှင်များကရေးဆွဲ၍ ပြည်သူများ အကြံပြုနိုင်ရေးချပြကာ လွှတ်တော်များတွင် သုံးသပ်ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုပြဋ္ဌာန်းပေးပါသည်။

လွှတ်တော်များ၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်ပါသည်။ လွှတ်တော်များက နိုင်ငံနှင့်ပြည်သူအကျိုးရှိမည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူများ၏ကိုယ်စား ပြည်သူ့ဆန္ဒများကို ဖော်ဆောင်နေခြင်းလည်းမည်ပါသည်။ ဖော်ဆောင်ထားသောဥပဒေများသည် နိုင်ငံနှင့် ပြည်သူကို အကာအကွယ်ပေးထားခြင်း ဖြစ်ပါသည်။ ထိုဥပဒေများကို သက်ဆိုင်ရာပြည်သူများက လိုက်နာရန် လိုအပ်သလို အသုံးချတတ်ရန်လည်း လိုပါသည်။ ဥပဒေဆိုင်ရာတာဝန်ရှိသူတို့ကလည်း အစဉ်အမြဲစောင့်ကြည့်ထိန်းကျောင်းနေရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် အစဉ်အဆက်တည်ဆဲဥပဒေများရှိနှင့်ပြီး ပြန်လည်ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းဥပဒေများလည်း ရှိပါသည်။ ယနေ့အထိ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဥပဒေပေါင်း ၉၈ ခုရှိပါသည်။ ပြည်သူများကို ချပြထားသော ဥပဒေများလည်းရှိပါသည်။ လွှတ်တော်များတွင် ဆွေးနွေးနေဆဲ ဥပဒေများလည်း ရှိပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ကိုင်တွယ်ကျင့်သုံးရမည့် ဥပဒေများအနက် ပြင်ဆင်/ပယ်ဖျက်/အသစ်ပြဋ္ဌာန်းရန် ဥပဒေပေါင်း ၁၃၇ ခု ကျန်ရှိနေပါသေးသည်။ ထို့ကြောင့် ကျန်ရှိနေသေးသည့် လွှတ်တော်သက်တမ်းကာလအတွင်း ဥပဒေပေါင်း ၂၀၀ ကျော်ကို လွှတ်တော်များက ပြဋ္ဌာန်းပေးဦးမည်ဖြစ်သည်။

တည်ဆဲဥပဒေများသည် လိုက်နာရန်ဖြစ်သလို အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေများသည်လည်း ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။ အချို့ဥပဒေများသည် လက်ရှိခေတ်စနစ်နှင့် ကိုက်ညီခြင်းမရှိသောကြောင့် လိုက်နာကျင့်သုံးရန်အတွက် အခက်အခဲရှိမည်။ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေသော ယနေ့ကာလတွင် ခေတ်စနစ်နှင့် လျော်ညီမည့် ဥပဒေများမရှိပါက လက်တွေ့ဖော်ဆောင်ရမည့်သူများအတွက် အခက်အခဲများ ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ဥပဒေများကို ပြင်ရခြင်း၊ အသစ်ရေးဆွဲရခြင်းဖြစ်ပါသည်။

ဥပမာအားဖြင့် ပြဋ္ဌာန်းထားသော လုံခြုံရေးနှင့်သက်ဆိုင်သော ဥပဒေများကို ပြည်သူများက လိုက်နာကြရမည်ဖြစ်ပြီး ထိုသို့ လိုက်နာခြင်း ရှိ၊ မရှိကို ဥပဒေကြောင်းအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက အစဉ်အမြဲ ထိန်းကျောင်းပေးရမည်။ လောလောလတ်လတ်ဖြစ်ပွားခဲ့သော ပြည်သူတို့၏ အသက်လုံခြုံရေးနှင့်သက်ဆိုင်သည့် ရန်ကုန်-မန္တလေးအမြန်လမ်း ယာဉ်တိမ်းမှောက်မှုကိစ္စရပ်များတွင် ပြဋ္ဌာန်းထားသော ဥပဒေများကို မလိုက်နာသဖြင့် ဖြစ်ပွားရခြင်းများရှိသလို ထပ်မံဖြည့်စွက်ရမည့် လိုအပ်နိုင်သော ဥပဒေများလည်းရှိမည်။ ဆောင်ရွက်ပေးရမည့် အချက်များလည်းရှိမည်။ တစ်ဖက်တွင် ဥပဒေကို မလေးစား မလိုက်နာမှုများရှိနေသလို ဥပဒေကိုလေးစားလိုက်နာအောင် ထိန်းကျောင်းရမည့် တာဝန်ရှိသူများလည်း အစဉ်အမြဲလိုအပ်မည်ဖြစ်သည်။

ထိုလိုအပ်ချက်များကို အမြဲမပြတ် လေ့လာသုံးသပ်ကာ ဥပဒေအပိုင်း၊ ထိန်းကျောင်းရမည့်အပိုင်း၊ လိုက်နာရမည့်အပိုင်းတို့ကို အစဉ်အမြဲ ဖြည့်ဆည်းပေးနေမှသာလျှင် ဥပဒေ၊ လူနှင့် အရာဝတ္ထုပစ္စည်းတစ်သားတည်း ကျလာပြီး ဘေးအန္တရာယ်များလည်း လျော့ပါးကင်းစင်သွားမည်ဖြစ်သည်။ အခြား စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင်လည်း ဤသို့ပင်ဖြစ်သည်။ မြန်မာတို့၏ ပြီးပြီးရော ပေါ့ပေါ့တန်တန် အပြုအမူလုပ်ကိုင်မှုများကြောင့် ဘေးဥပဒ်မရောက်ရအောင် ဥပဒေဖြင့် ထိထိရောက်ရောက်ထိန်းကျောင်းမှ အောင်မြင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ဥပဒေများကို ခေတ်နှင့်လျော်ညီစွာ စဉ်ဆက်မပြတ် ပြဋ္ဌာန်းပေးလျက်ရှိပါသည်။ ထိုပြဋ္ဌာန်းထားသော ဥပဒေများကို လိုက်နာရန်မှာ ပြည်သူအားလုံးသာမက သက်ဆိုင်ရာတာဝန်ရှိသူအားလုံးနှင့်လည်း သက်ဆိုင်ပါသဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို အစဉ်အမြဲ လေးစားလိုက်နာကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝန်ထမ်းများနှင့်တွေ့

နေပြည်တော် မေ ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၂၅ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး လေဆိပ်အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လေဆိပ်တာဝန်ကျ ဝန်ထမ်းများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆိုက်ရောက်ဗီဇာ (Visa on Arrival) ခွင့်ပြုဆောင်ရွက်ပေးခြင်း၊ Online စနစ်ဖြင့် ဗီဇာထုတ်ပေးနိုင်ရေးအတွက် e-visa စနစ် ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်ဖော်ဆောင်ခြင်း၊ နယ်စပ်ဝင်ထွက်ဂိတ်(၄)ဂိတ်အား အပြည်ပြည်ဆိုင်ရာဝင်ထွက်ဂိတ်များအဖြစ် ဖွင့်လှစ်ပေးနိုင်ခြင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ပြည်သူများအား မိုးပွင့်စီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း စသည့်လုပ်ငန်းများကို ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေဆိပ်၊ ရေဆိပ်တာဝန်ကျဝန်ထမ်းများကလည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများ ဝင်ထွက်သွားလာမှုအဆင်ပြေစေရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုပ်ငန်းကျွမ်းကျင်ရေး၊ ဘာသာစကားနှင့် နည်းပညာကျွမ်းကျင်ရေးတို့အတွက်လည်း အစဉ်လေ့ကျင့်ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းလိုင်းများ အခြေအနေနှင့် ခရီးသည်များဝင်/ထွက်မှု၊ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ဆိုက်ရောက်ဗီဇာထုတ်ပေးမှု၊ စာရွက်စာတမ်းအတု/အစစ်ခွဲခြားစစ်ဆေးသည့် ခေတ်မီစက်ကိရိယာများ အသုံးပြုမှု၊ ရန်ကုန်မြို့သို့ ကမ္ဘာလှည့်နှင့် ကုန်တင်သင်္ဘောများ ဆိုက်ကပ်မှုနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆောင်ရွက်မှု၊ Online စနစ်ဖြင့် ဗီဇာခွင့်ပြုထုတ်ပေးနိုင်ရေးအတွက် e-visa စနစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လေကြောင်းလိုင်းများ တိုးချဲ့လာသည်နှင့်အမျှ ခရီးသည် ဝင်/ထွက်မှုများလည်း များပြားလာသည်နှင့်အညီ ဝန်ထမ်းများက လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံကာဌာနနှင့် ပတ်သက်သည့် ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ကမ္ဘာလှည့်အပျော်စီးသင်္ဘောကပ္ပတိန်များက မိမိတို့ဌာနသို့ ပေးအပ်သည့် အမှတ်တရ လက်ဆောင်များကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပဆိုက်ရောက်နေရာသို့ သွားရောက်၍ ခရီးသည်များအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သတင်းအချက်အလက် ဆိုင်းဘုတ်နှင့် လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ထားရှိမှု၊ ဆိုက်ရောက်ဗီဇာကောင်တာ အခြေအနေ၊ လူဝင်မှုစစ်ဆေးရေးကောင်တာများ၌ ခရီးသည်များ ဝင်/ထွက်မှု၊ စစ်ဆေးခံယူမှုနှင့် ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၆

ရန်ကုန်	ရွှေဈေး	၆၆၁၄၀၀	-	၆၆၁၉၀၀
မန္တလေး	ရွှေဈေး	၆၆၁၀၀၀	-	၆၆၁၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၂. ၉
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၅၇
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၆၀၇
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၀. ၄၅
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၄၇၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၄. ၉၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၀၉၉
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၈၉၀. ၃၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၉. ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကရင်ပြည်နယ် ဖာပွန်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၂၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် မေ ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့နယ်ရှိ အဆင့်မြင့်မျိုးဘဲမွေးမြူရေးခြံ၌ ခြံဝန်ထမ်းများနှင့်တွေ့ဆုံ၍ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အနီးပတ်ဝန်းကျင်ရှိ သနပ်ပင်နှင့် ဝမ်းဘဲအင်းမြို့နယ်မှ ဘဲမျိုးများအား ဝယ်ယူသွားပေးရန်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွက် ဘဲသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးသွားရန် ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုး/မွေးမြူရေးဝန်ကြီး ဦးစောခရစ်တိုဖာ၊ ဘဏ္ဍာရေးဝန်ကြီး ဦးစောဝင်းသိန်းတို့နှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကမမောင်းမြို့နယ်ခွဲ ကတိုင်ထိကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျေးရွာများမှ အထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး စိုက်ပျိုးရာသီလုပ်ငန်းများ ရပ်နားချိန်တွင် အပိုဝင်ငွေရရှိနိုင်စေရန်အတွက် ဒေသနှင့် ကိုက်ညီသည့် ကြက်၊ ဝက်၊ နွားနှင့်ဆိတ်များ တစ်ပိုင်တစ်နိုင် မွေးမြူဆောင်ရွက်ကြစေလိုကြောင်း၊ ကတိုင်ထိ ကျေးရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် ပါဝင်နေသည့်အတွက် ကျေးရွာစီမံကိန်းပါ လုပ်ငန်းစဉ်များအား မိမိရပ်ရွာဖွံ့ဖြိုးရေးအတွက် တစ်ရက်တစ်မနက်တည်းမဟုတ် အစဉ်မပြတ် ရေရှည်ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကတိုင်ထိကျေးရွာအုပ်စုအတွင်းရှိ တောင်သူကျေးရွာ၊ ရှမ်းရွာ၊ နိုဖောထိကျေးရွာ၊ ထီးဝါကလေးကျေးရွာ၊ ဘောကျော့လယ်ကျေးရွာ၊ ကိုင်းဖောကျေးရွာ၊ ကုလားရွာ၊ ပွန်းမာဟဲကျေးရွာ၊ ကတိုင်ထိကျေးရွာနှင့် မာလုံလေးကျေးရွာ စာသင်ကျောင်းများအတွက် စာသင်ခုံများ၊ ဆရာ ဆရာမ စားပွဲခုံများ၊ သောက်ရေတွင်း တူးဖော်ခြင်းနှင့် အုတ်ရေလှောင်ကန်များ၊ ကျေးလက်ဆေးပေးခန်းများအတွက် မွေးခုတင်များနှင့် ဆိုလာစနစ်ဖြင့် ကျေးရွာအိမ်တိုင်းစေ့မီးလင်းရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဖာပွန်မြို့နယ် ဝေမှုန်ကျေးရွာ မြနန္ဒာဘောဇလာဓမ္မာရုံ၌ ကျေးရွာအထောက်အကူပြု ကော်မတီဝင်များနှင့် ကျေးရွာပြည်သူလူထုများအား တွေ့ဆုံ၍ ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရေးအတွက် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ကွင်းဆင်းအဖွဲ့များဖြင့် လိုက်ပါလာသော တာဝန်ရှိသူများက ဝန်ကြီးဌာနမှ မျိုးရိုးမြင့် တိရစ္ဆာန်များ ဖြန့်ဖြူးပေးနေမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်သောက်သုံးရေရရှိရေး၊ ဆိုလာယူနစ်ဖြင့် ကျေးရွာစေ့မီးလင်းရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနေမှုနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝေမှုန်၊ တံခွန်တိုင်၊ ညောင်ပင်ရွာ၊ ပိုယာပါ၊ ကလောထေး ကျေးရွာ၊ ဝေနောင်၊ ရှမ်းဝိုင်း၊ ကုလားကိုင်း၊ ဘော်ထာကျေးရွာ၊ ဝေဆန်၊ ဒေးလော်ပူ၊ ထိပေါ်ကထကျေးရွာ၊ မထောရွာ၊ ကူးဆိပ်၊ နို့လော်ဆူးနှင့် ငါးအိမ်စုကျေးရွာ စာသင်ကျောင်းများအတွက် စာသင်ခုံများ၊ ကျေးလက်ဆေးပေးခန်းအတွက် မွေးခုတင်များ၊ အဝီစိရေတွင်းများ၊ ဒေးလော်ပူကျေးရွာ သောက်သုံးရေရရှိနိုင်ရေးအတွက် စိမ့်စမ်းများမှ ရေသွယ်တန်းရရှိနိုင်ရေး၊ ဒေးလော်ပူ-ထိပေါ်ကထ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားပြုပြင်နိုင်ရေး၊ ပိုယာပါကျေးရွာအဝင်လမ်း ကျောက်ချောခင်းနိုင်ရေး၊ ဆိုလာယူနစ်ဖြင့် ကျေးရွာများအားလုံး အိမ်တိုင်းစေ့ မီးလင်းရေးနှင့် မြနန္ဒာဘောဇလာ ဘုန်းတော်ကြီးကျောင်း ပြုပြင်ရန်အတွက် သွပ်နှင့် ဘိလပ်မြေအိတ်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘုရားဆင်းတုတော်များ သက်ကြီးရွယ်အိုများအတွက် အဝတ်အထည်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■



❐ **ရှေ့ဖုံးမှ**

ယခုသဘောတူစာချုပ်ကို ရခိုင်ပြည်နယ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်အား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဘက်စုံမဟာဗျူဟာမြောက်သော ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တစ်ရပ်ရေးဆွဲအကောင်အထည် ပေါ်လာစေရန်အတွက် ဈေးကွက်နေရာရယူခြင်းနှင့် စီးပွားရေးပုံစံတည်ဆောက်ခြင်း၊ ဘဏ္ဍာရေးဖြစ်နိုင်ခြေကို လေ့လာ၍ အသေးစိတ် အကောင်အထည်ဖော်မည့် အစီအစဉ်နှင့် တင်ဒါလုပ်ငန်းစဉ် စီမံခန့်ခွဲ လုပ်ဆောင်ခြင်းစသည့် ဝန်ဆောင်မှုတို့ကို ဆောင်ရွက်ရန်အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC)က အကြံပေးကုမ္ပဏီများ အုပ်စုကို စီမံကိန်းအတိုင်ပင်ခံ ကုမ္ပဏီအဖြစ် ရွေးချယ်ချုပ်ဆိုခြင်းဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်နှင့် သင့်တော်မှန်ကန်သည့် ဈေးကွက်ရရှိရန်တို့အတွက် အောင်မြင်စွာလုပ်ဆောင်နိုင်ရန် အဆင့်အလိုက် အသေးစိတ်လေ့လာမှုများနှင့် အကောင်အထည်ဖော်မှုတို့ကို ဆောင်ရွက်လျက်ရှိသည်။

CPG Consultants Pte., Ltd. ဦးဆောင်သော အကြံပေးကုမ္ပဏီများ အုပ်စုတွင် DTZ- Debenham Tie Leung (SEA) Co., Ltd.၊ Ernst & Young Solutions LLP၊ Global Maritime and Port Services Pte., Ltd. နှင့် PM Link Pte., Ltd. တို့ပါဝင်ပြီး စင်ကာပူနိုင်ငံ၌ အခြေစိုက်ကာ အခြေခံအဆောက်အအုံများနှင့် အဆောက်အအုံများ ပုံစံရေးဆွဲခြင်း၊ အကောင်အထည်ဖော်တည်ဆောက်ခြင်းတို့တွင် အကြံပေးလုပ်ဆောင်နေသည့် Creative Professional Group (CPG) အပါအဝင် ကမ္ဘာတစ်လွှားမှ ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးတည်ဆောက်သူများနှင့် အစိုးရအဖွဲ့အစည်းများသို့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာ၊ စီမံကိန်းများ စီမံခန့်ခွဲမှု၊ Master Plan နှင့် ဆိပ်ကမ်းတည်ဆောက်မှု အပိုင်းတို့တွင် အကြံပေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

အဆိုပါ အကြံပေးဝန်ဆောင်မှုသဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကိုယ်စား ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် CPG Consultants Pte., Ltd. ကိုယ်စား Ms. Tan Chui Ching၊ PM Link Pte., Ltd. ကိုယ်စား Mr. Tan Kok Siong၊ Ernst & Young Solutions LLP ကိုယ်စား Mr. Toh Sern Andre၊ DTZ- Debenham Tie Leung (SEA) Co., Ltd. ကိုယ်စား Ms. Koh Choon Fah နှင့် Global Maritime and Port Services Pte., Ltd. ကိုယ်စား Mr. Sng Tze Sen တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC)ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC)ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်သိမ်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ စန်းလွင်နှင့် ဒေါ်လှဲ့လှဲ့သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ CPG Consultants Pte., Ltd. ဦးဆောင်သော အကြံပေးကုမ္ပဏီများ အုပ်စုမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၇/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကြည်း ၂၂၈၀၆	(အစား)	ကြည်း ၃၄၈၉၄
ဗိုလ်မှူးမြတ်မိုး		ဗိုလ်မှူးထင်လင်းဦး

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းလာရောက်အပ်နှံသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ (ရွှေကူကို)

မေ ၂၆ ရက် နံနက်က မဟတ္တမဂန္ဒီ၏ အထိမ်းအမှတ် ဂူဗိမာန်၌ မိုဒီ ဂါရဝပြုစဉ်။

အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် နရိန္ဒြာမိုဒီ ကျမ်းသစ္စာ ကျိန်ဆို

နယူးဒေလီ မေ ၂၆

အိန္ဒိယနိုင်ငံ၌ အမျိုးသားရေးဝါဒီ ပါတီခေါင်းဆောင် နရိန္ဒြာမိုဒီသည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် မေ ၂၆ ရက်တွင် သမ္မတနန်းတော်၌ ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၌ လက်ဝဲယိမ်းကွန်ဂရက်ပါတီက ဆယ်စုနှစ်တစ်ခုကြာမျှ အာဏာရရှိခဲ့ပြီးနောက် အသက် ၆၃ နှစ်အရွယ် မိုဒီအား ငါးနှစ်သက်တမ်းရှိ ဝန်ကြီးချုပ်ရာထူး၌ တာဝန်ထမ်းဆောင်ရန် ပြည်သူများက အခွင့်အာဏာအပ်နှင်းလိုက်ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် မိုဒီ၏ ဘယာတိယဂျနာတာပါတီက ထောက်ခံမဲအပြတ်အသတ်ရရှိခဲ့ပြီး ပါလီမန်တွင် အမတ်နေရာအများစုကို ရရှိခဲ့ရာ ၎င်း၏ပါတီတစ်ပါတီတည်းဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရန် လမ်းပွင့်သွားခဲ့သည်။

မိုဒီသည် အိန္ဒိယ လွတ်လပ်ရေးဗိသုကာဖြစ်သူ မဟတ္တမဂန္ဒီ၏ အထိမ်းအမှတ်ဂူဗိမာန်သို့ မေ ၂၆ ရက် နံနက်ပိုင်းက သွားရောက်ကာ ဂါရဝပြုခဲ့ပြီး ဘီဂျေပီပါတီ၏ ယခင်ဝန်ကြီးချုပ် အတားဘီဟာရီဗာ့ဂျ်ပါယီး၏ နေအိမ်သို့သွားရောက်၍လည်း ၎င်းအား ဂါရဝပြုခဲ့သည်။ ဗာ့ဂျ်ပါယီးသည် ယခုအခါ အသက် ၈၉ နှစ်အရွယ်ရှိပြီး အသက်အရွယ်အိုမင်းရင့်ရော်မှုကြောင့် နေအိမ်အပြင်သို့ ထွက်ခွာနိုင်ခြင်းမရှိတော့ပေ။

ဝန်ကြီးချုပ်ရာထူးတွင် တာဝန်ထမ်းရွက်မည့် မိုဒီသည် မေ ၂၆ ရက် ညနေ ၆ နာရီတွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနအရေအတွက်ကို သိသိသာသာလျှော့ချမည်ဟု မေ ၂၅ ရက် နှောင်းပိုင်းတွင် မိုဒီက ထုတ်ပြန်ကြေညာခဲ့သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးသူမိုဒီသည် အိန္ဒိယနိုင်ငံ၌ အလုပ်အကိုင်နေရာ သန်းပေါင်းများစွာကို ဖန်တီးဖော်ထုတ်ပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုတို့ကို အစွမ်းကုန်မြှင့်တင်သွားမည်ဟု ရွေးကောက်ပွဲကာလက ကတိပြုခဲ့သည်။ **ရိုက်တာ။**

သမ္မတအိုဘားမား အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့များထံ မမျှော်လင့်ဘဲ သွားရောက်

အာဖဂန်နစ္စတန်နိုင်ငံ ဘာဂရမ်လေတပ်စခန်း၌ သမ္မတ အိုဘားမားအား တွေ့ရစဉ်။

ကဘူး မေ ၂၆

အမေရိကန်ပြည်ထောင်စု၏ အရှည်လျားဆုံးစစ်ပွဲသည် ၂၀၁၄ ခုနှစ် နှစ်ကုန်တွင် တာဝန်သိစွာ အဆုံးသတ်တော့မည်ဖြစ်ကြောင်း သမ္မတဘာရက်အိုဘားမားက အမေရိကန်တပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်၌ ပြောကြားခဲ့သည်။

ကဘူးမြို့ပြင်ရှိ ဘာဂရမ်လေယာဉ်ကွင်းသို့ အိုဘားမား လာရောက်လည်ပတ်ကြောင်း ကြေညာလိုက်သည့်အခါ တပ်ဖွဲ့ဝင်များက လှိုက်လှဲစွာကြိုဆိုကြသည်။

တာဝန်ထမ်းဆောင်စဉ်ကျဆုံးသွားခဲ့ကြသော တပ်ဖွဲ့ဝင်များကို အမှတ်တရကျင်းပသော အောက်မေ့ဖွယ်နေ့ အထိမ်းအမှတ်အကြိုရက်တွင် သမ္မတရောက်ရှိလာခြင်းဖြစ်သည်။

နိုင်ငံခြားတပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်နိုင်ငံမှ ယခုနှစ်ကုန်တွင် ထွက်ခွာကြမည်ဖြစ်သည်။ စုဝေးရောက်ရှိလာကြသောတပ်ဖွဲ့ဝင်များ၏ ဩဘာပေးခြင်းကိုခံယူလျက် ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားပြီး ဒဏ်ရာရရှိခဲ့ကြသောစစ်ပြန်များအား ကုသပေးခြင်းကို ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ရွေးချယ်တင်မြှောက်ခြင်းခံရမည့် သမ္မတက လုံခြုံရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့လျှင် အမေရိကန်ပြည်ထောင်စုက အာဖဂန်နစ္စတန်ကို ဆက်လက်အကူအညီပေးသွားမည်ဖြစ်ကြောင်း အိုဘားမားက ပြောသည်။

လာမည့်လ၌ အာဖဂန်သမ္မတရွေးချယ်ပွဲ ဒုတိယအကြိမ်တွင် ယှဉ်ပြိုင်မည့် သမ္မတလောင်းနှစ်ဦးကလည်း အမေရိကန်နှင့် လုံခြုံရေးစာချုပ်ကို လက်မှတ်ရေးထိုးကြမည်ဟု ကတိပြုထားကြသည်။

၎င်းတို့ထိုးဖြစ်ပါ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ မှ ၁၅၀၀၀ ခန့်သည် အာဖဂန်နစ္စတန်၌ နောက်နှစ်အထိရှိနေကြမည်ဖြစ်သည်။ **ဘီဘီစီ။**

အလာစကာပြည်နယ်ရှိ သစ်တောဥယျာဉ်အတွင်း တောမီးလောင်ကျွမ်းနေဆဲ

ဝါရှင်တန် မေ ၂၆

အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ် ကီနိုင်းကျွန်းဆွယ်ရှိ အမျိုးသား တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး သစ်တောဥယျာဉ်အတွင်း တောမီးလောင်ကျွမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တောမီးလောင်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး ဒေသခံနေအိမ် ရာပေါင်းများစွာနှင့် တောတွင်းအပန်းဖြေစခန်းများကို မီးဘေးအန္တရာယ် ခြိမ်းခြောက်လျက်ရှိရာ ဒေသတွင်းရှိနေသူ လူ ၁၃၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခိုလှုံရန် အလာစကာပြည်နယ် အရေးပေါ်လုပ်ငန်းများဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ဖန်နီရေးဗားဒေသ၌ တောမီးလောင်ကျွမ်းနေဆဲဖြစ်ကြောင်း၊ အလာစကာပြည်နယ်တောင်ပိုင်း ကီနိုင်းအမျိုးသား တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ဥယျာဉ်အတွင်း မေ ၂၄ ရက်က ဧက ၉၆၀၀၀ ခန့် မီးလောင်ကျွမ်းခံခဲ့ရပြီး မေ ၂၆ ရက်တွင် မီးလောင်ကျွမ်းခံရသော နယ်မြေမှာ ဧက ၁၁၀၀၀၀ အထိ ရောက်ရှိခဲ့ကြောင်း၊ ခြောက်ရက်မြောက်နေ့အဖြစ် မီးလောင်ခဲ့ပြီးလောင်ကျွမ်းနေသောမီး၏ ၂၀ ရာခိုင်နှုန်းကိုသာ ထိန်းချုပ်နိုင်သေးကြောင်း မီးသတ်ဌာနက ပြောကြားသည်။

အလာစကာပြည်နယ် လေကြောင်းအစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်အတူ အန်ကားရေ့ဂျ်မြို့ရှိ မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်လျက်ရှိသည်။ **ရိုက်တာ။**

အိန္ဒိယနိုင်ငံမှ ပထမဆုံးထုတ်လုပ်သည့် သံကြီးတမန်ကြီးအမည်ရှိ ကားထုတ်လုပ်မှု ရပ်တန့်

နယူးဒေလီ မေ ၂၆

အိန္ဒိယနိုင်ငံ၏ ကားထုတ်လုပ်ရေးလုပ်ငန်းတွင် ပထမဆုံးထုတ်လုပ်သည့် သံကြီးတမန်ကြီးအမည်ရှိသည့် မော်တော်ယာဉ်အမျိုးအစား ထုတ်လုပ်မှုကို တားမြစ်လိုက်ပြီဖြစ်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကိုလ်ကတ္တားမြို့ပြင်ပရှိ အဆိုပါမော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းများကို ဈေးကွက်တောင်းဆိုမှုအားနည်းခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာပြဿနာများကြောင့် ယင်းသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြသည်။

မောရစ်အောက်စ်ဖို့ဒ် မော်တော်ကားအမျိုးအစားအပေါ် ခေတ်မီဆန်းသစ်မှုအနည်းငယ်ပြုလုပ်ကာ ထုတ်လုပ်ခဲ့သည့် အဆိုပါမော်တော်ယာဉ်အား အိန္ဒိယနိုင်ငံ၌ ၁၉၅၇ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအမျိုးအစားမော်တော်ယာဉ်သည် တစ်ချိန်တစ်ခါက အိန္ဒိယနိုင်ငံမှ ထိပ်တန်းနိုင်ငံရေးသမားများနှင့် အစိုးရဝန်ကြီးများစီးနင်းခဲ့သည့် အဆောင်အယောင်ယာဉ်တစ်မျိုးဖြစ်ခဲ့သည်။

သို့သော် ၂၀၁၄ ခုနှစ် မတ်လကုန် ဘဏ္ဍာနှစ်အတွင်းကမူ ယင်းအမျိုးအစား မော်တော်ယာဉ်စီးရေ ၂၂၀၀ မျှသာရောင်းချခဲ့ရကြောင်း ယာဉ်ထုတ်လုပ်သည့်ကုမ္ပဏီက ပြောကြားခဲ့သည်။ **ဘီဘီစီ။**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းကို ပြန်လည်ထိန်းချုပ်မည်ဟု သမ္မတသစ်ဖြစ်လာမည့်ပုဂ္ဂိုလ် ကတိပြု

ကီယက် မေ ၂၆

ယူကရိန်းနိုင်ငံ၏ နောက်တက်မည့် သမ္မတ ပီထရိုပိုရိုချင်ကိုက ပိုမိုထိရောက်သော စစ်ဆင်ရေးဖြင့် ခွဲထွက်ရေးသမားများလှုပ်ရှားနေသည့် နိုင်ငံအရှေ့ပိုင်းကို ပြန်လည်ထိန်းချုပ်မည်ဖြစ်ကြောင်း တနင်္လာနေ့တွင် ကတိပြုခဲ့သည်။

ပြဿနာဖြေရှင်းရာတွင် ရုရှား၏အကူအညီ ရရှိရန်အတွက် မကြာမီကာလအတွင်း ရုရှားတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ရေတွက်ပြီးစီးသော မဲရေအတွက်ထက်ဝက်ခန့်၏ရလဒ်တွင် ပိုရိုချင်ကိုက မဲအရေအတွက် ၅ ဒသမ ၇ ရာခိုင်နှုန်း ရရှိထားသည်။ ၎င်း၏ အနီးကပ်ဆုံးစိန်ခေါ်သူ ဝန်ကြီးချုပ်ဟောင်း ယူလီယာတီမိုရှင်ကိုက ၁၃ ဒသမ ၁ ရာခိုင်နှုန်းသာ ရရှိသည်။

တနင်္လာနေ့တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အိမ်နီးချင်းအင်အားကြီးနိုင်ငံနှင့် အပြီးသတ် သဘောတူညီချက်မရမီ ယာယီသဘောတူညီချက်တစ်ရပ်ရရှိရေးတာဝန်သည် ချက်ချင်းထမ်းဆောင်ရမည့် ၎င်း၏ အရေးကြီးဆုံးတာဝန်ဖြစ်သည်ဟု မိုရိုချင်ကိုက ပြောသည်။

၎င်းအနေဖြင့် လက်နက်ချသော မော်စကိုလိုလားသူ ခွဲထွက်ရေးသမားများနှင့် ဆွေးနွေးရန် အသင့်ရှိနေကြောင်း၊ သို့သော် နိုင်ငံတော်လုံခြုံရေးကိုခြိမ်းခြောက်နေသည့် အကြမ်းဖက်သမားများနှင့်မူ တွေ့ဆုံမည်မဟုတ်ကြောင်း ပြောကြားသည်။ မိုရိုချင်ကိုသည် ချောကလက်စက်ရုံများပိုင်ရှင် ဘီလီယံနာသူဌေးတစ်ဦးဖြစ်ပြီး ဝါရင့်နိုင်ငံရေးသမားတစ်ဦးလည်းဖြစ်သည်။ **ရိုက်တာ။**

ယူကရိန်းသမ္မတရွေးကောက်ပွဲ၌ မဲအပြတ်အသတ်ရရှိကာ အောင်ပွဲခံသည့် ပီထရိုပိုရိုချင်ကိုအား တွေ့ရစဉ်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းဖွင့်လှစ်

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မေ ၂၄ ရက်တွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဇေယျာသီရိမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခုတင်(၁၀၀၀) နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာအထူးကုနှင့် မျက်စိဆရာဝန်ကြီးအဖွဲ့၊ ဇေယျာသီရိမြို့နယ်မှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် လက်ထောက်ဆရာဝန်၊ ဆရာမများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှတာဝန်ခံဆရာဝန်ကြီး၊ ဆရာဝန်များပါဝင်၍ နေပြည်တော် ဇေယျာသီရိမြို့နယ် ကံသာအေး ကျေးရွာသို့သွားရောက်ကာ ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က "ရွှေ့လျားကျန်းမာရေးဆေးခန်းဖွင့်လှစ်ရခြင်းအကြောင်း"၊ဇေယျာသီရိမြို့နယ်မှကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာကေသီခိုင်က "သွေးလွန်တုပ်ကွေးအကြောင်း"၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လက်ထောက်ဆရာဝန် ဒေါက်တာခွန်ခမ်းထူးက "ကိုယ်ဝန်ဆောင် စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှုနှင့် အာဟာရအကြောင်း"နှင့် ဒေါက်တာမျိုးမင်းဦးက "သားဆက်ခြားခြင်းအကြောင်း"ကိုလည်းကောင်း ပြောကြားပြီး ကျန်းမာရေးအသိပညာပေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အဘိုးအဘွားများကို အားဆေးနှင့်အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့်အာဟာရဖြစ်စေသော အစားအစာများအား လည်းကောင်း ထောက်ပံ့ပေးအပ်ပြီး ရေဆင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ စာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းစာအုပ်များလှူဒါန်းခဲ့သည်။ ယင်းနောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သော လူနာများကို နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့်ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❋ ၂၀၁၄-၂၀၁၅ မှ

အားပေးပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား တက်ရောက်လာသူ ကျောင်းသားမိဘ ဒေါ်သော်သော်ထူးက "သမီးလေးက အခုနှစ် စတုတ္ထတန်း ပညာသင်ဆုရရှိပါတယ်၊ သမီးကို သူငယ်တန်းမှစပြီး ဆရာဆရာမတွေကို သေသေချာချာအပ်ပါတယ်၊ အိမ်မှာ ကိုယ်တိုင်လည်း အခြေခံကျကျ သင်ပေးပါတယ်၊ ကိုယ့်ကလေးရဲ့ ဉာဏ်ရည်ဉာဏ်သွေးအခြေခံပေါ် မူတည်ပြီး မိဘဆရာသမားတွေက စောင့်ရှောက်ကူညီပေးမယ်ဆိုရင် ဒီထက်ပိုမိုထူးချွန်လာကြမှာပါ၊ အခြားမိဘများအနေနဲ့လည်း ကျောင်းအပ်နှံရေးကာလမှာ လိုအပ်တဲ့ စာရွက်စာတမ်းအပြည့်အစုံယူဆောင်ပြီး ကျောင်းလာအပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟုပြောပြသည်။

အထက(၉) တတိယတန်း(A)တွင် ပညာသင်ကြားနေသူ မရွှန်းလဲ့ရည်ဦး၏ ဖခင် ဦးပြုံးဝေက "ကလေးကို ကစားချိန်နဲ့ စာကြည့်ချိန်သီးခြားစီခွဲပြီး ငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်ပေးထားပါတယ်၊ အခြားမိဘများအနေနဲ့လည်း မိမိတို့ရဲ့ သားသမီးတွေကို ကစားချိန်၊ စာကြည့်ချိန်သီးခြားစီ အသုံးပြုတတ်အောင် လေ့ကျင့်ပေးထားစေချင်ပါတယ်" ဟု ပြောပြသည်။ **(သတင်းစဉ်)**

ရန်ကုန် မေ ၂၆

EU (European Union)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ရဲတပ်ဖွဲ့၏လုပ်ငန်းများကို ပြည်သူများသိရှိ လေ့လာနိုင်ရန်နှင့် ရဲတပ်ဖွဲ့နှင့်ပြည်သူတို့ဆက်ဆံရေးကောင်းမွန်စေရန် ရည်ရွယ်ကာ Open Day အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းဝင်းအတွင်း၌ မေ ၂၅ ရက်တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ ပြုလုပ်ခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း၌ Open Day အခမ်းအနားကျင်းပ

Open Day အခမ်းအနားဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ခေတ္တအမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးကြီးချစ်ဦး၊ လုံခြုံရေးရဲ ကွပ်ကဲမှုအဖွဲ့ခွဲ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီးသက်လွင်၊ ရဲအကြပ်သင်တန်းကျောင်းအုပ်ကြီး ရဲမှူးကြီးထွန်းမင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ လုံခြုံရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ လုံခြုံရေးရဲတပ်ဖွဲ့တို့မှ ရဲအရာရှိများနှင့် EU (European Union)တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘင်ခရာတီးဝိုင်းမှ နိုင်ငံတော်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်ရှိ တပ်ဖွဲ့များဖြစ်သော လုံခြုံရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့အလိုက် လုပ်ငန်းတာဝန်နှင့်အသုံးအဆောင်ပစ္စည်းများကို ရှင်းလင်းဆွေးနွေးခင်းကျင်းပြသခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူများ၊ ကလေးသူငယ်များ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၃၀၀ ခန့်လာရောက်လေ့လာခဲ့ကြပြီး EU နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က လေ့လာသူပြည်သူများအား အမှတ်တရလက်ဆောင်များပေးအပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

❋ မန္တလေးတိုင်းမှ

မြန်မာ့ရိုးရာလက်ဝှေ့ကျော်များ၏ (၄)ချီစိန်ခေါ်ပွဲတွင် စိန်လုံးချော(ကျားရဲ)နှင့် ရှိုင်းထက်အောင် (အဖြူရောင်သွေးသစ်)တို့အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး အနိုင်၊အရှုံးမပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ (၅)ချီစိန်ခေါ်ပွဲ တို့တွင် 5K (ကျားရဲ)ကို ရှမ်းကြီး(အဖြူရောင်သွေးသစ်)က တတိယအချီတွင်အရှုံးပေးသွားပြီး ထွန်းနိုင်ဦး (အဖြူရောင်သွေးသစ်) က မိုးမခ(ကျားရဲ)ကိုဒုတိယအချီတွင် အလဲထိုး အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲအပြီးတွင် မန္တလေးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ ပဏာမလက်ရွေးစင် ၁၄ ဦးကို ရွေးချယ်ပြီး မေ ၂၇ ရက်မှစ၍ နည်းပြဆရာ ဦးမောင်မောင်၊ အုပ်ချုပ်သူဦးမြင့်လွင်နှင့်ဒိုင်ဦးကျော်ကြီး အပါအဝင် အကူနည်းပြများက အောင်မြေမန္တလာအားကစားခန်းမ၌ စခန်းသွင်း လေ့ကျင့်ကာလက်ရွေးစင်ကိုးဦးကို အပြီးသတ်ရွေးချယ်၍ ဇွန် ၈ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင် (မန္တလေး)

❐ ရေယာဉ်မှ

မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်သို့ ဆန်တစ်အိတ်လျှင် သဘော်ခ ၂၃၀ ကျပ်ဝန်းကျင်ရရှိသော အဆိုပါခရီးစဉ်တွင် သဘော်ကြီးများမှာ အိတ်ရေ ၅၀၀၀ ဝန်းကျင် တင်နိုင်သည့်အတွက် စက်သုံးဆီစရိတ်အပါအဝင် အသွား၊ အပြန်ကုန်ကျစရိတ်ကို ဆန်တင်ပို့မှု တစ်ခုတည်းမှ ရနိုင်သဖြင့် ရေယာဉ်အသစ်များ တည်ဆောက်လိုင်းဝင် ပြေးဆွဲမှုရှိလာခြင်းဖြစ်သည်ဟု ရေယာဉ်လုပ်ငန်းလုပ်ကိုင်ခဲ့သူတစ်ဦးကဆိုသည်။

ရန်ကုန်မှမော်ကျွန်းခရီးစဉ်တွင် ရေယာဉ်ခြောက်စင်းဝန်းကျင်(တနင်္ဂနွေနေ့မှအပ) ပြေးဆွဲမှုရှိသော်လည်း နေ့စဉ် နှစ်စင်းပြေးဆွဲနိုင်သည့် ခရီးစဉ်မှာအနည်းငယ်သာရှိကြောင်း၊ ရုပ်ပြေးနှစ်ထပ်ရေယာဉ်ကြီး တစ်ရက်လျှင်တစ်စင်းနှုန်းသာ ပြေးဆွဲရာမှ နှစ်စင်း၊ သုံးစင်းထိ တိုးချဲ့ပြေးဆွဲလာသဖြင့် ခရီးသည်တင်ဆောင်ခွင့်မရှိသော သဘော်ခေါင်မိုးပေါ်အကာအရံနှင့် အမိုးအကာများပြုလုပ်၍ ခရီးသည်များတင်ဆောင်ခြင်းများ မမြင်တွေ့ရသဖြင့် ခရီးသွားများဘေးအန္တရာယ်ကင်းစွာ စီးနင်းနိုင်သည်ဟု မော်ကျွန်းမြို့မှ လာရောက်သော ခရီးသည်တစ်ဦးကဆိုသည်။ **(မောင်စေအောင်)**



သဘာဝတံတိုင်းများ ရှင်သန်ခွင့် ပြည်သူအများပူးပေါင်းလို

မောင်စေအောင်

ဧပြီ ၆ ရက် ကြေးမုံသတင်းစာပါ စာတည်းရှုထောင့်တွင် အပူဒဏ်ကာ သဘာဝတံတိုင်းများကို ဖတ်ရှုခဲ့ရပြီးနောက် ယခုရက်ပိုင်း ပြည်သူအချို့ တွေ့ကြုံနေရသော အပူဒဏ်ကာ သဘာဝတံတိုင်း ရှင်သန်နိုင်ရေး အများပြည်သူ ဝိုင်းဝန်းကူညီမှုအပေါ် အခက်အခဲများနှင့် ကြုံတွေ့နေရမှုကို စာရေးသူ လက်လှမ်းမီ သိရှိသမျှ ရေးသားလိုပါသည်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် ယခုနှစ်ပိုင်း ခရမ်းလွန်ရောင်ခြည်ဒဏ်ကို နေပူအောက် သွားလာသူ အကာအကွယ်မဲ့လျှင် ဆိုးရွားစွာခံစားနေရပါသည်။ ရန်ကုန်မြို့တွင်း လေအေးစက်ပါအိမ်စီးကားများဖြင့်သွားလာသူဦးရေထက် လမ်းများပေါ်တွင် သွားလာနေရသူမှာ လွန်စွာများပြားပါသည်။ တိုက်တာ အဆောက်အအုံများ၊ ဆင်ဝင်အောက်များ၊ အရိပ်ရပင်အောက်များတွင် ရောက်ရှိသွားချိန်သည် နေပူဒဏ်အောက်သွားလာချိန်နှင့် များစွာကွာခြားကြောင်း ခြေကျင်ခရီးသွားလာသူများက ဆိုသည်။

ရန်ကုန်မြို့တွင် အရိပ်ရသစ်ပင်ကြီးများ၊ သက်တမ်းရင့်သစ်ပင်ကြီးများဖြင့် စိမ်းစိုနေခဲ့သော်လည်း ၂၀၀၈ ခုနှစ် မေ ၂ ရက် ညပိုင်း တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် အများအပြား ပြိုလဲပျက်စီးသွားခဲ့ပါသည်။ သက်ဆိုင်ရာက အစားထိုးစိုက်ပျိုးသော်လည်း အရိပ်ရလာရန် နှစ်ပေါင်းများစွာ ကြာအောင် စောင့်ဆိုင်းခဲ့ရပါသည်။ ကမ်းနားလမ်းမပေါင်း ဘေးတစ်လျှောက်သစ်ပင်ကြီးများ စီတန်းတည်ရှိခဲ့ရာ သက်ဆိုင်ရာမှ ဂဏန်းနံပါတ်များ ရေးထိုးကပ်ထားခဲ့ပါသည်။ ၂၀၀၈ နာဂစ်တွင် မပြိုလဲခဲ့သော ယင်းသစ်ပင်ကြီးများကမ်းနားလမ်းမသစ် တည်ဆောက်ရေးတွင် အများအပြား ပျောက်ကွယ်ခဲ့ရသည်။ ယခုအခါ ၂၀၁၃ မေလအတွင်း နွေခေါင်ခေါင် သစ်ပင်ငယ်များပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊ ရေလောင်း၊ အစိမ်းရောင်သံဆန်ခါစိမ်းများ ခြံခတ်ကာရံခြင်းဖြင့် ပြုလုပ်ပေးသော်လည်း အရိပ်ရသည်အထိ လူသားနှင့် သဘာဝဘေးအန္တရာယ်ကင်းလွတ်မှ နှစ်များစွာ စောင့်ရမည်ဖြစ်ပါသည်။

မဟာဗန္ဓုလ လမ်းလယ်တစ်လျှောက် အုတ်ခုံများနှင့် သစ်ပင်များ စီတန်းရှိခဲ့သော်လည်း ယခုအခါ ပျောက်ကွယ်ခဲ့ပြီး မျဉ်းဝါကွက်များအဖြစ် ပြောင်းလဲခဲ့ပါသည်။ ၂၀၁၃ ဧပြီ ၁ ရက်မှစ၍ ယာဉ်ရပ်နားခကောက်ခံမှုရပ်ဆိုင်းပြီး လမ်းဘေးယာဉ်ရပ်နားရန်နေရာများကို ဗိုလ်ချုပ်လမ်း၊ အနော်ရထာလမ်း၊ ကမ်းနားလမ်းတို့တွင် ၂၀၁၃ နှစ်လယ်ပိုင်းတွင်ပြုလုပ်ခဲ့ရာ သစ်ပင်အချို့ လျော့နည်းသွားခဲ့ရပါသည်။ ကျန်ရှိသော သစ်ပင်များအနေဖြင့်လည်း အုတ်တစ်ချပ်အမြင့် အုတ်ခုံဘောင်ခတ်ခြင်းသာရှိပြီး အချို့သော သစ်ပင်များဆိုလျှင် မြေကြီးအတိုင်းသာ ရှိခဲ့ပါသည်။

တည်ဆောက်ရေးလုပ်ငန်းခွင်များပြီးဆုံးသော်လည်း သစ်ပင်အချို့ဆက်လက်ရှင်သန်နိုင်ရန် အများပြည်သူအနေဖြင့် အနော်ရထာလမ်းမပေါ်ရှိ စံပြရုပ်ရှင်ရုံအနီးတွင် သစ်ပင်အချို့ကို အုတ်ခုံအမြင့်ဖြင့်ဘောင်ခတ်၊ ကြွေပြားခင်း၊ ရေချမ်းစင်တည်ခြင်းတို့ကို မိမိတို့ငွေကြေးဖြင့် ပြုလုပ်မှုများကိုတွေ့ရာ လမ်းသွားလမ်းလာများအတွက် ခေတ္တအရိပ်ရနားခိုနိုင်ပြီး လမ်းမပေါ်တွင် သစ်ပင်များအတွက် အုတ်ခုံများ အများပြည်သူများအနေဖြင့် ပြုလုပ်နိုင်သော်လည်း လမ်းဘေးယာဉ်ရပ်နားရန်နေရာပြုလုပ်နေဆဲ မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းဆုံ မီးပွိုင့်အနီး သစ်ပင်အုတ်ခုံတစ်ခုကို အနော်ရထာလမ်းမှာကဲ့သို့ အများပြည်သူပြုလုပ်ရာတွင် သက်ဆိုင်ရာမှ တားမြစ်ခဲ့၍ ရပ်ထားရသည်ဟု

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့ တိုင် သုံးလ ဝန်းကျင် အမြစ်တွယ်အား မရှိဘဲ အကာ အရံ မဲ့နေဆဲ သစ်ပင် တစ်ပင် (မဟာဗန္ဓုလ လမ်းနှင့် လှည်းတန်း လမ်း ထောင့်)ကို တွေ့ရစဉ်။

သောက်သုံးရေပါ သောက်နိုင်ရာ မြန်မာပြည်သူလူထု၏ ကျေးလက်ဒေသအချို့တွင်သာ မြင်တွေ့ရသည့် ဓလေ့ကို ရန်ကုန်မြို့လယ်တွင် မြင်တွေ့ရပါသည်။

လုပ်ငန်းခွင်ပြီးဆုံးသွား၍ မည်သို့မျှ လုပ်ဆောင်မှုမရှိသော အနော်ရထာ ပါဝင်လုပ်ကိုင်သူက ဆိုသည်။

အများပြည်သူများလုပ်ကိုင်ပေးရန် မလိုဘဲ မိမိတို့အစီအစဉ်ဖြင့် လုပ်ကိုင်မည်ဟု သက်ဆိုင်ရာမှသိရသည်ဟု အဆိုပါအုတ်ခုံပြုလုပ်ရာတွင် ပါဝင်သူကဆိုသည်။ အနော်ရထာလမ်းမှာကဲ့သို့မဖြစ်စေရန် အများပြည်သူအနေဖြင့် မိမိတို့တတ်နိုင်သမျှကူညီဆောင်ရွက်ခြင်းသာဖြစ်ရာ နိုင်ငံတော်မှ ကျခံသော ကုန်ကျငွေကိုလည်း သက်သာစေသကဲ့သို့ အရိပ်ရသော သစ်ပင်များဆက်လက်ရှင်သန်နိုင်ရန် အောက်ခြေအမြစ်ပိုင်းအမာခံရရှိနိုင်ခြင်း၊ လမ်းသွားလမ်းလာများအတွက် အရိပ်ခိုခေတ္တနားနေနိုင်ခြင်းတို့ရှိရာ ရန်ကုန်မြို့လယ်ရှိ အရိပ်ရသစ်ပင်များ ဆက်လက်ရှင်သန်နိုင်ရေးအတွက် အများပြည်သူမှ ပူးပေါင်းလုပ်ကိုင်လိုကြောင်း ဆန္ဒရှိနေကြသည်ဟု သိရသည်။

သစ်ပင်များသည် လက်ရှိလေထုထဲမှ ကာဗွန်ဓာတ်ငွေ့များ၊ ယာဉ်များမှ နေ့စဉ်လေထုထဲထုတ်လွှတ်နေသော အဆိုပါဓာတ်ငွေ့များကို စုပ်ယူနေရာ လူသားတို့ကို အဘက်ဘက်မှ ကောင်းကျိုးပြုနေသည့်အတွက် အပူဒဏ်ကာ သဘာဝတံတိုင်းကြီးများကို လူသားတိုင်း မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီတည်ဆောက်ရန် တာဝန်ရှိပါသည်။ သစ်ပင်ကို ထင်း၊ လောင်စာအဖြစ် သုံးစွဲရန်ဦးစားပေးနေသကဲ့သို့ အစားထိုးပြန်လည်စိုက်ပျိုးရန် လူတိုင်းတွင် တာဝန်ရှိကြောင်း ကျေးလက်နေပြည်သူများ လူတစ်ဦးလျှင်သစ်ပင် အရေအတွက် မည်မျှဟုစိုက်ပျိုးနိုင်သော်လည်း ရန်ကုန်မြို့တွင် နေထိုင်သူများမှာသစ်ပင်စိုက်ပျိုးရန် မတတ်နိုင်သော်လည်း အပူကာတံတိုင်းကြီးများရှင်သန်နိုင်ရေး ဝိုင်းဝန်းကူညီလိုစိတ်ရှိနေကြပါသည်။ ကူညီလုပ်ဆောင်ခွင့်ပေးပါဟု ဆိုနေပါသည်။

ရန်ကုန်မြို့နေပြည်သူများ ၁၉၇၀ ခုနှစ် မတိုင်မီကာလများတွင် ရေနံဆီမီးဖိုသုံးစွဲခဲ့ပြီး ရေနံဆီရှားပါးမှုကြောင့် လျှပ်စစ်မီးဖိုများ သုံးစွဲလာခဲ့ပါသည်။ သို့သော် အများစုမှာ မီးသွေးအစရှိသော လောင်စာများသာသုံးစွဲနေကြပါသည်။ ရန်ကုန်မြို့တွင် အိမ်ထောင်စုပေါင်း ခန့်မှန်း တစ်သန်းခန့်ရှိရာ အိမ်ထောင်စုတစ်စုလျှင် တစ်နှစ်အတွင်း ထင်းနှင့်မီးသွေး ၁၀ ပိဿာဝင် တစ်အိတ် ၁၀ အိတ်နှုန်းဖြင့်တွက်လျှင် ထင်းနှင့် မီးသွေးလိုအပ်ချက်မှာ ရန်ကုန်မြို့အတွက် တစ်နှစ်လျှင် တန်ချိန်နှစ်သိန်းဝန်းကျင်လိုအပ်ရာ စားသောက်ဆိုင်နှင့် စက်မှုလုပ်မှုသုံးမပါဘဲ အကြမ်းဖျင်းတွက်ချက်မှုဖြစ်သည်ဟု မီးသွေးလုပ်ငန်းလုပ်ကိုင်ခဲ့ဖူးသူတစ်ဦးက ဆိုသည်။

ရန်ကုန်တစ်မြို့တည်းအတွက် လောင်စာများကို ဧရာဝတီတိုင်းဒေသကြီးမှပေးပို့ခဲ့ရာ ဒီရေတောများ ပျောက်ကွယ်ပြီး ယခုအချိန်တွင် ပြန်လည်ပျိုးထောင်စိုက်ပျိုးနေရာ သစ်ပင်စိုက်ပျိုးမှုကဲ့သို့ ထင်း၊ မီးသွေး အစားထိုးသုံးစွဲရေးကိုပါ အလေးထားဆောင်ရွက်သင့်ပါသည်။ သို့မှသာ အပူကာသဘာဝတံတိုင်းကြီးများ တည်တံ့ခိုင်မြဲပြီး ရန်ကုန်မြို့တော်နှင့် မိုင် ၃၀ ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတွင် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ ။

အနော်ရထာလမ်း လမ်းမတော်မြို့နယ်ပိုင် (၅) ရပ်ကွက်ပေါ်ရှိ သစ်ပင်များအား ရပ်ကွက်နေပြည်သူများက အုတ်ခုံပြုလုပ်ထားသည့်မြင်ကွင်း

အုတ်တစ်ချပ်စာသာ ဘောင်ခတ်ပေးထားသော အနော်ရထာလမ်းနှင့် (၁၂)လမ်းရှိ သစ်ပင်ကြီးတစ်ပင်ကို တွေ့ရစဉ်။

မေ ၂၃ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် (၅၁)လမ်းထောင့်ရှိ ညောင်ပင်ပြိုလဲနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဇာဏီ)

Ministry of Labour, Employment and Social Security

Global Enchanting
(Safety, Management & Language Training Centre)

Factories and General Labour Laws Inspection Department

"Road To Safety" Seminar
"ဘေးအန္တရာယ် ကင်းရှင်းသော လုပ်ငန်းခွင်ဆီသို့" ဆွေးနွေးပွဲ

Co-Sponsored by:

အချိန် - နံနက် (၉) နာရီ မှ နေ့လယ် (၁၂) နာရီ အထိ
နေ့ရက် - ၂၀၁၄ ခုနှစ် ၊ မေလ (၃၀) ရက်နေ့
နေရာ - (UMFCCI)

Associate-Sponsored by:
CB Insurance
PANG LIN

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်းရှိ လမ်း/တံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမှတစ်ဆင့် ကိုးပင်-သာဂရ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၅၂/၂)နှင့်(၅၂/၃)ကြားတွင် လမ်းသားပြိုကျသည့်နေရာ၌ မြေထိန်းနံရံတည်ဆောက်နေမှု၊ ရန်ကုန်-ပြည်-မန္တလေးလမ်း(ပြည်-အောင်လံ) အပိုင်းတွင် တံတားအထူးအဖွဲ့(၇)မှတည်ဆောက်မည့် နတ်တလင်းတံတား လျာထားနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မေ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်-ပန်းတောင်းလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ပန်းတောင်းမြို့အနီး မြစ်ကမ်းပါးရေတိုက်စားမှု ကာကွယ်ထိန်းသိမ်းရန်နှင့် မိုင်တိုင်အမှတ် (၁၂/၀)ရှိ တံတားကြံ့ခိုင်မှုအခြေအနေတို့ကို လည်းကောင်း၊ ပြည်-ပန်းတောင်း-တောင်ကုတ်လမ်း၌ တံတားအထူးအဖွဲ့(၇)မှ တည်ဆောက်မည့် ဥသျှစ်ပင်တံတား လျာထားနေရာကို လည်းကောင်း၊ ပြည်-ပန်းတောင်း-တောင်ကုတ်လမ်း ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ တောင်ကုတ်-သံတွဲလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ မဇင်-ငပလီ-လုံးသာ လမ်းအား ရန်ကုန်-မန္တလေး အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ် (AC) ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဂျိတ္တောတံတားတည်ဆောက်မည့်အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံ

ရန်ကုန် မေ ၂၆

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတု အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့(၁၈)ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သက်မွေးပညာကဏ္ဍ ဆောင်ရွက်နေမှု၊ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကမှပါဝင်ရေး အားပေးဆောင်ရွက်နေမှု၊ ကျောင်းနေအရွယ်ကလေးများကျောင်းသို့ရောက်ရှိရေး ဆောင်ရွက်နေမှု၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ၊ ပညာရေးဆိုင်ရာဥပဒေများ ပြုစုရေးလုပ်ငန်းများ၊ ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးများကို ရှင်းလင်းပြောကြားခဲ့သည်။ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများကလည်း သဘောထားအမြင်များ၊ အကြံပြုချက်များ တင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အကြံပြုချက်များအပေါ် အမြင်ချင်းဖလှယ်ညှိနှိုင်း ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြသော ADB၊ Ausald ၊ British Council ၊ EU ၊ Giz ၊ JICA ၊ Save the Children၊ SDC၊ UNESCO ၊ UNICEF စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အမက(၃)အနီး သံသုမာလမ်းမကြီးပေါ်တွင် ခရိုင်ပညာရေးမှူး ဦးမြင့်စိန်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများမှ "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး" ဆိုင်းဘုတ်အား မေ ၂၃ ရက်က စိုက်ထူကြစဉ်။ **(ကြေးမုံ)**

ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ အမျိုးသားအဆင့် ညီလာခံ ဒုတိယအကြိမ်ကျင်းပ

နေပြည်တော် မေ ၂၆

ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ ဒုတိယအကြိမ်မြောက် အမျိုးသားအဆင့်ညီလာခံကို နေပြည်တော် အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ မေ ၂၂ရက်နှင့်၂၃ ရက်တို့တွင်ကျင်းပခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း တက်ရောက်အမှာ စကားပြောကြားခဲ့သည်။ **(အောက်ပုံ)**

ဘဏ္ဍာရေးဝန်ကြီးဌာန ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ UNCDF နှင့် LIFT တို့ ပူးပေါင်းကျင်းပသည့် ယင်းညီလာခံတွင် အားလုံးပါဝင်နိုင်သည့် ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ လမ်းပြမြေပုံရေးဆွဲရန် အထောက်အကူပြုမည့် ဘဏ္ဍာရေးကို လက်လှမ်းမီစေရေး အစီအစဉ် (Making Access Possible) လေ့လာဆန်းစစ်ချက်၏ ရလဒ်များအား ထုတ်ပြန်ဆွေးနွေးခဲ့ကြောင်းသိရသည်။

ယင်းလေ့လာချက်အရ မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူ ၃၉သန်း၏ ၃၀ ရာခိုင်နှုန်းမှာ တရားဝင်မှတ်ပုံတင်ထားသော အဖွဲ့များထံမှ ငွေကြေးဝန်ဆောင်မှုများကို ရယူအသုံးပြုကြောင်း၊သို့ရာတွင် ၂၄ ရာခိုင်နှုန်းသည် အဖွဲ့တစ်ခုတည်းထံမှသာ ရယူကြောင်း၊ အရွယ်ရောက်သူ ငါးရာခိုင်နှုန်းသာ ဘဏ်စာရင်းထားရှိကြောင်း တွေ့ရပါသည်။ လေ့လာချက် အစီရင်ခံစာကို အများပြည်သူ လေ့လာနိုင်ရန် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်အင်တာနက်ဝက်ဘ်ဆိုက် http/ow.ly/x63 FV တွင် ထုတ်ပြန်ထားကြောင်းသိရသည်။ **(ကြေးမုံ)**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌

ခရီးသွားပြည်သူများ ဘေးအန္တရာယ်လျော့ပါးစေရေး

ကြိုတင်ကာကွယ်စစ်ဆေးမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၆

၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ အမြန်လမ်းမကြီးတစ်လျှောက် နေ့စဉ်ယာဉ်စီးရေ ၁၂၀၀၀ ကျော်ခန့် ဖြတ်သန်းသွားလာလျက်ရှိရာ ယာဉ်မတော်တဆမှုများလည်း များပြားလာသည်။ ၁-၁-၂၀၁၄ ရက်မှ ၂၄-၅-၂၀၁၄ ရက်အထိ အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှု ၁၉၇ မှု ဖြစ်ပွားခဲ့ပြီး ၈၇ ဦးသေဆုံးကာ ၄၀၀ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်များ လျော့နည်းကျဆင်းစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းအဖြစ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရန်ကုန်တိုင်းဒေသကြီးအပိုင်းတွင် အမှတ်(၃)လမ်းဆုံ တိုးဂိတ်မှလည်းကောင်း၊ နေပြည်တော်ကောင်စီဇရိယာတွင် နေပြည်တော်တိုးဂိတ်မှလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအပိုင်းတွင် စကားအင်း တိုးဂိတ်မှလည်းကောင်း၊ အမြန်လမ်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့စသည့် ပူးပေါင်းအဖွဲ့များဖြင့် ယာဉ်မောင်းလိုင်စင်စစ်ဆေးခြင်း၊ အရက်သောက်စားမူးယစ်မောင်းနှင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်များစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး ပါ/မပါ စစ်ဆေးခြင်းတို့အား နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယာဉ်မောင်းလိုင်စင်မရှိသူ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်မဟုတ်ဘဲ မောင်းနှင်သူ၊ ယာဉ်မောင်းလိုင်စင်အတုဖြင့် မောင်းနှင်သူ၊ ယာဉ်နောက်လိုက်လိုင်စင်မရှိသူ၊ အရက်သေစာသောက်စားမောင်းနှင်သူများအား စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၎င်းတို့အား မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများဖြင့် စစ်ဆေးအရေးယူခဲ့သည့်အပြင် ယာဉ်မောင်းလိုင်စင်အတုကိုင်ဆောင်သူနှင့် အများပြည်သူအား အန္တရာယ်ဖြစ်လောက်အောင်အရက်သေစာသောက်စားမောင်းနှင်သူ ယာဉ်မောင်းများအား ပြစ်မှုဆိုင်ရာ ဥပဒေဖြင့်ပါ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ခရီးသွားလုပ်သားပြည်သူများအား ဘေးအန္တရာယ်လျော့ပါးစေရေးအတွက် ကြိုတင်ကာကွယ် စစ်ဆေးမှုများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသောကြောင့် မေ ၂၁ ရက်မှစ၍ မေ ၂၆ ရက်အထိ ယာဉ်မတော်တဆမှုဖြစ်စဉ်များ လျော့နည်းကျဆင်းခဲ့ပြီး ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းမရှိသည့် ရက်များပင်ရှိလာကြောင်း၊ စိစစ်တွေ့ရှိရသည့် ယာဉ်မောင်းများ/ယာဉ်လိုင်းများ/တာဝန်ရှိသူများအနေဖြင့် ယခုလက်ရှိအခြေအနေအား ဆက်လက်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားနိုင်ပါရန် အမြန်လမ်းရဲတပ်ဖွဲ့မှ နှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရပ်ယန်းရှင်လူပြည်သူများ၏ အကြံပြုချက်များပေးပို့ရန် ဖိတ်ခေါ်

အကြံပြုချက်များ ဖိတ်ခေါ်ခြင်း

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မေလ ၂၇ ရက်

၁။ ဘာသာ သာသနာနှင့် ဆက်စပ်၍ အကြံပြုပေးပို့လာသော ဥပဒေ ၄ ရပ် ပြဋ္ဌာန်းရေးကိစ္စနှင့် စပ်လျဉ်း၍ ဥပဒေပြုလွှတ်တော်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ရေးဆွဲပြီး ပြဋ္ဌာန်းပေးသင့်ကြောင်း နိုင်ငံတော်သမ္မတက သဝဏ်လွှာပေးပို့မှုအပေါ်၊ သက်ဆိုင်ရာ ဆက်နွှယ်သောဌာနအသီးသီး၏ အကြံပြုချက်များကိုရယူကာ အောက်တွင်ဖော်ပြထားသည့် ယှဉ်တွဲပါဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ဥပဒေ(မူကြမ်း)များရေးဆွဲပြီးမှ လွှတ်တော်သို့ တင်သွင်းပါရန်နှင့် လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား အမှန်တကယ်ရရှိရေးအတွက် အလေးထား စဉ်းစားသုံးသပ်၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ပြန်ကြားခဲ့ပါသည်-

(က)	**ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေ**	- သာသနာရေးဝန်ကြီးဌာန
(ခ)	**လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာဥပဒေ**	- လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(ဂ)	**လက်ထပ်ထိမ်းမြားခြင်း ဆိုင်ရာဥပဒေ**	- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
(ဃ)	**တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ**	- ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂။ ထိုသို့ ပြည်ထောင်စုလွှတ်တော်၏ ပြန်ကြားမှုအရ **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်း**နှင့် **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာဥပဒေကြမ်း** တို့ကို ရေးဆွဲရန် နိုင်ငံတော်သမ္မတရုံးသည် ၇-၃-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၉/၂၀၁၄ ဖြင့် ဒုတိယရှေ့နေချုပ် ဦးဆောင်သော "ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်"ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ကော်မရှင်သည် **ယင်းဥပဒေကြမ်းနှစ်ရပ်**ကို ပြည့်စုံစွာရေးဆွဲနိုင်ရေးအတွက် ရပ်ယန်းရှင်လူ ပြည်သူများထံမှ အကြံပြုချက်များနှင့် ဥပဒေကြမ်းများ ပေးပို့ပါရန် ၉-၃-၂၀၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ခဲ့ပါသည်။

၃။ ဌာန၊ အဖွဲ့အစည်းနှင့် အများပြည်သူတို့ထံမှ လက်ခံရရှိသော အကြံပြုချက်များနှင့် ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်များ၏ အကြံဉာဏ်များကို အခြေခံ၍ ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်က ကနဦး ရေးဆွဲထားသော **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ(မူကြမ်း)** ကို အများပြည်သူ သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

၄။ ဤဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရပ်ယန်းရှင်လူပြည်သူများထံမှ အကြံပြုချက်များ ရရှိလိုပါသည်။ အကြံပြုချက်များကို ၂၀-၆-၂၀၁၄ ရက်၊ သောကြာနေ့ မတိုင်မီ "ဦးဝင်းမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အတွင်းရေးမှူး၊ ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်" ထံသို့ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၆၇-၄၀၄၂၈၄ သို့ဖြစ်စေ ပေးပို့နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ (မူကြမ်း) အပြည့်အစုံကို အောက်တွင်ဖော်ပြပါသည်-

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ (မူကြမ်း)

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

နိဒါန်း

ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမည် ဆိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ ပါပြဋ္ဌာန်းချက်နှင့်အညီ ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရရှိစေရန်နှင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရာတွင် ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကိုးကွယ်ရာဘာသာ** ဆိုသည်မှာ သူတစ်ဦးက မိမိယုံကြည်ရာအလိုက် စွဲယူကိုးကွယ်သောဘာသာကို ဆိုသည်။

(ခ) **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း** ဆိုသည်မှာ သူတစ်ဦးက မိမိ၏ ယုံကြည်ရာအလိုက် စွဲယူကိုးကွယ်လျက်ရှိသော ဘာသာကိုစွန့်လွှတ်၍ဖြစ်စေ၊ ဘာသာမဲ့အဖြစ်မှဖြစ်စေ အခြား ကိုးကွယ်ရာဘာသာသို့ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းကိုးကွယ်ခြင်းကို ဆိုသည်။

(ဂ) **ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ** ဆိုသည်မှာ မိမိ၏ လွတ်လပ်သော သဘောဆန္ဒအရ ဘာသာကူးပြောင်းနိုင်ရန် မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားသူကို ဆိုသည်။

(ဃ) **မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဆိုသည်။

(င) **မှတ်ပုံတင်ရေးအဖွဲ့ရုံး** ဆိုသည်မှာ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဤဥပဒေတွင် သတ်မှတ်ထားသော ဌာနကို ဆိုသည်။

(စ) **သက်သေခံလက်မှတ်** ဆိုသည်မှာ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ်ကို ဆိုသည်။

အခန်း (၂)
မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်း

၃။ မြို့နယ်အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဖွဲ့စည်းသည် -

(က)	မြို့နယ်သာသနာရေးမှူး မြို့နယ်သာသနာရေးမှူးရုံး	ဥက္ကဋ္ဌ
(ခ)	ဦးစီးဌာနမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန	အဖွဲ့ဝင်
(ဂ)	ဒုတိယအုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	"
(ဃ)	အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ရွေးချယ်သော မြို့မိမြို့ဖနှစ်ဦး	"
(င)	ဥက္ကဋ္ဌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့	"
(စ)	မြို့နယ်ပညာရေးမှူးက တာဝန်ပေးအပ်သော ပညာရေးဝန်ထမ်းတစ်ဦး	အတွင်းရေးမှူး

၄။ မည်သူမဆို မိမိကိုးကွယ်ရာဘာသာမှဖြစ်စေ၊ ဘာသာမဲ့အဖြစ်မှဖြစ်စေ အခြား ကိုးကွယ်ရာဘာသာသို့ လွတ်လပ်စွာ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်။

၅။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် -

(က) အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ခ) မူလ မိမိကိုးကွယ်ရာဘာသာမှ အခြားကိုးကွယ်ရာဘာသာသို့ မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းလိုခြင်း ဖြစ်ရမည်။

(ဂ) မိမိနှင့်သက်ဆိုင်သည့် အောက်ပါအချက်များ ဖော်ပြထားသော လျှောက်လွှာကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ တင်ပြရမည် -

(၁) အမည်၊

(၂) အသက်နှင့် မွေးသက္ကရာဇ်၊

(၃) ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊

(၄) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၅) မိခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၆) ဇနီး သို့မဟုတ် ခင်ပွန်းရှိလျှင် ၎င်း၏ အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၇) လက်ရှိကိုးကွယ်ရာဘာသာ၊

(၈) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၊

(၉) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသည့်အကြောင်းရင်း။

(ဃ) ကူးပြောင်းရန် လျှောက်ထားသည့် ကိုးကွယ်ရာဘာသာအား အမှန်တကယ် သက်ဝင်ယုံကြည်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့၏ မေးမြန်းခြင်းကို ခံယူရမည်။

၆။ မှတ်ပုံတင်ရေးအဖွဲ့ရုံးသည် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသည့် လျှောက်လွှာကို လက်ခံရရှိသည့်အခါ -

(က) လျှောက်လွှာတွင် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံခြင်းမရှိပါက လိုအပ်ချက်ကို ရှင်းပြ၍ ဖြည့်စွက်တင်ပြစေရမည်။

(ဂ) လျှောက်လွှာတွင် အချက်အလက်ပြည့်စုံစွာ ဖော်ပြထားကြောင်း စိစစ်တွေ့ရှိလျှင် မှတ်ပုံတင်စာရင်းရေးသွင်းပြီး အမှုတွဲဖွင့်လှစ်ရမည်။

(ဃ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား မှတ်ပုံတင်ရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းနိုင်ရေးအတွက် လျှောက်လွှာလက်ခံရရှိသည့် နေ့ရက်၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း သင့်လျော်သည့်နေ့ရက်ကို ချိန်းဆိုရမည်။

(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ၏ နေရပ်သည် မှတ်ပုံတင်ရေးအဖွဲ့ရုံး တည်ရှိရာနေရာနှင့် ဝေးကွာသောနေရာ သို့မဟုတ် သွားလာရေးခက်ခဲသောနေရာဖြစ်ပါက မှတ်ပုံတင်ရေးအဖွဲ့သို့ ချက်ချင်းတင်ပြ၍ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား အမြန်ဆုံးတွေ့ဆုံမေးမြန်းနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

အခန်း (၃)
သက်သေခံလက်မှတ်ထုတ်ပေးခြင်း

၇။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရာတွင် မှတ်ပုံတင်ရေးအဖွဲ့၏ အဖွဲ့ဝင်အနည်းဆုံးလေးဦး ပါဝင်ဆောင်ရွက်ရမည်။

(ခ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရာတွင် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာလွှမ်းမိုးခြင်းနှင့် အနိုင်အထက်ပြုခြင်း သို့မဟုတ် ယင်းသို့ သဘောသက်ရောက်သော အပြောအဆို၊ အပြုအမူတို့ကို ရှောင်ကြဉ်၍ ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူက လွတ်လပ်သော သဘောဆန္ဒနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် ဆွေးနွေးမေးမြန်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆွေးနွေးမေးမြန်းတွေ့ရှိချက်ကို မှတ်တမ်းတင်ပြီး ကူးပြောင်းလိုသော ကိုးကွယ်ရာဘာသာနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူက လေ့လာနိုင်ရေးအတွက် လျှောက်ထားသည့်နေ့မှ ရက်ပေါင်း ၉၀ ထက် မပိုသော ကာလကို သတ်မှတ်ပေးရမည် -

(၁) ကိုးကွယ်ရာဘာသာ၏ အနှစ်သာရ၊

(၂) ကိုးကွယ်ရာဘာသာ၏ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခန်းခွဲဝေခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများ၊

(၃) ကိုးကွယ်ရာဘာသာ၏ အမွေဆက်ခံခြင်းနှင့် သားသမီးအုပ်ထိန်းခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများ။

(ဃ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ကာလကို တိုးမြှင့်ပေးရန် တောင်းဆိုလျှင် လျှောက်ထားသည့်နေ့မှ ရက်ပေါင်း ၁၈၀ ထက်မပိုစေသောကာလအထိ တိုးမြှင့်ပေးနိုင်သည်။

(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက တောင်းဆိုလျှင် ကူးပြောင်းရန် လျှောက်ထားသည့် ကိုးကွယ်ရာဘာသာ၏ အနှစ်သာရကိုလည်းကောင်း၊ ဓလေ့ထုံးတမ်းများကိုလည်းကောင်း နှံ့စပ်သူ၊ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ဆောင်ရွက်ပေးရမည်။

(စ) ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ရက် သို့မဟုတ် ပုဒ်မခွဲ (ဃ) အရ တိုးမြှင့်ပေးသည့်ရက်ပြည့်သည့်အချိန်တွင် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူကို ထပ်မံတွေ့ဆုံပြီး ဆွေးနွေးရာ၌ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက -

(၁) ကိုးကွယ်ရာဘာသာကူးပြောင်းရန် ဆန္ဒရှိကြောင်းတင်ပြလျှင် သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်းတင်ပြီး ထိုသူအား ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(၂) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုရန် ဆန္ဒမရှိတော့ကြောင်း တင်ပြလျှင် ယင်း၏ တင်ပြချက်ကို သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်းတင်ပြီး ကိုးကွယ်ရာ ဘာသာ ကူးပြောင်းရန်လျှောက်လွှာကို သိမ်းဆည်းထားရမည်။

(ဆ) ပုဒ်မခွဲ (စ) အရ ဆောင်ရွက်ရာတွင် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူ၏ ဆန္ဒကို ယင်းကိုယ်တိုင် စာဖြင့်ရေးသားလက်မှတ်ရေးထိုးစေရမည်။ ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူသည် ကိုယ်တိုင်စာရေးသားနိုင်ခြင်း မရှိပါက မှတ်ပုံတင်ရေးအဖွဲ့က ရေးသား၍ ပြန်လည်ဖတ်ပြပြီး ယင်းအား လက်မှတ်ရေးထိုးစေခြင်း သို့မဟုတ် လက်ဗွေခတ်နှိပ်စေခြင်း ပြုရမည်။

၈။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) အရ သတ်မှတ်ရက်အတွင်း ပြန်လည်သတင်းပို့ခြင်းမရှိလျှင် လျှောက်ထားသူထံ စာဖြင့် နှိုးဆော်အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားသော်လည်း သတင်းပို့ရန် ဆက်လက်ပျက်ကွက်နေပါက လျှောက်ထားသူအား သက်သေခံလက်မှတ်ထုတ်ပေးရခြင်းမရှိကြောင်း သက်ဆိုင်ရာအမှုတွဲတွင် မှတ်တမ်းတင်ရမည်။

၉။ မှတ်ပုံတင်ရေးအဖွဲ့သည် အောက်ပါအကြောင်းတစ်ခုခုကြောင့် မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ ကိုယ်တိုင်လာရောက်ခြင်းမပြုနိုင်လျှင်သော်လည်းကောင်း၊ ဆောလျင်စွာ ဆောင်ရွက်ရန် ခိုင်လုံသောအကြောင်း ပေါ်ပေါက်လျှင်သော်လည်းကောင်း ပုဒ်မ ၇ ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်ပြီး သက်သေခံလက်မှတ်ထုတ်ပေးနိုင်သည် -

(က) အသက်အရွယ်ကြီးရင့်ပြီး သွားလာရန်ခက်ခဲခြင်း၊

(ခ) ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရခြင်း၊

(ဂ) မသန်စွမ်းဖြစ်ခြင်း။

၁၀။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၁) အရ သက်သေခံလက်မှတ် ထုတ်ပေးသည့်အခါ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုသူနှင့် ပတ်သက်သော အောက်ပါအချက်များကို ဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သာသနာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများသို့ သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်ပုံစံဖြင့် တင်ပြရမည် -

(၁) အမည်၊

(၂) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၃) ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊

(၄) နေရပ်လိပ်စာ၊

(၅) မူလကိုးကွယ်ရာဘာသာ၊

(၆) ကူးပြောင်းခွင့်ပြုသည့် ကိုးကွယ်ရာဘာသာနှင့် ကူးပြောင်းခွင့်ပြုသည့် ရက်စွဲ။

(ခ) တစ်စုံတစ်ဦး၏ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းကြောင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း -

(၁) လျှောက်ထားသူကိုယ်တိုင်၏ တင်ပြချက်အရ သိရှိရလျှင် သက်သေခံလက်မှတ်ထုတ်ပေးခြင်းမပြုဘဲ မှတ်တမ်းတင်ထားရှိရမည်။

(၂) တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရသော်လည်း လျှောက်ထားသူကိုယ်တိုင်က တင်ပြခြင်းမပြုလျှင် စိစစ်တွေ့ရှိချက်ကို လျှောက်ထားသူအား အသိပေးမေးမြန်းပြီး လျှောက်ထားသူက ကိုးကွယ်ရာ ဘာသာကူးပြောင်းရန် ဆန္ဒရှိကြောင်း ထပ်မံအတည်ပြုပါက သက်သေခံလက်မှတ်ထုတ်ပေး၍ အကြောင်းအရာ၊ အချက်အလက်များကို မှတ်တမ်းတင်ထားရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သာသနာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်ပုံစံဖြင့် တင်ပြရမည်။

၁၁။ မှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး သက်သေခံလက်မှတ် ထုတ်ပေးသည့်နေ့ရက် အချိန်မှစ၍ ကိုးကွယ်ရာ ဘာသာကူးပြောင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အခန်း (၄)
ကိုးကွယ်ရာဘာသာ ကူးပြောင်းသူ၏ အခွင့်အရေးနှင့် တာဝန်

၁၂။ ကိုးကွယ်ရာဘာသာ ကူးပြောင်းသူသည် အောက်ပါအခွင့်အရေးများကို ခံစားခွင့် ရှိသည်-

(က) ကူးပြောင်းခွင့်ရရှိထားသည့် ကိုးကွယ်ရာဘာသာမှ မူလမိမိကိုးကွယ်ရာဘာသာသို့ ဖြစ်စေ၊ အခြားဘာသာသို့ ဖြစ်စေ ကူးပြောင်းကိုးကွယ်ခွင့်၊

(ခ) ကိုးကွယ်ရာဘာသာကူးပြောင်းပြီးနောက် ထိမ်းမြားလက်ထပ်မှု၊ အမွေဆက်ခံမှု၊ ပစ္စည်းခွဲဝေမှုတို့နှင့် စပ်လျဉ်း၍ ကူးပြောင်းခွင့်ရရှိသည့် ဘာသာ၏ ဥပဒေနှင့်အညီ ရရှိခံစားခွင့်။

၁၃။ ကိုးကွယ်ရာဘာသာကူးပြောင်းသူသည် သက်သေခံလက်မှတ်ရရှိသည့်အခါ -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းကို သက်ဆိုင်သည့် ကိုးကွယ်ရာဘာသာ၏ ဓလေ့ထုံးတမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသို့ ယင်းသက်သေခံ လက်မှတ်မိတ္တူနှင့်အတူ ကိုးကွယ်ရာဘာသာ ကူးပြောင်းပြီးဖြစ်ကြောင်း အသိပေးတင်ပြရမည်။

အခန်း (၅)
တားမြစ်ချက်

၁၄။ မည်သူမျှ ဘာသာသာသနာကို စော်ကားရန်၊ အကြည်ညို ပျက်စေရန်၊ ဖျက်ဆီးရန် သို့မဟုတ် အလွဲသုံးစားပြုရန် အကြံဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်းမပြုရ။

၁၅။ မည်သူမျှ သူတစ်ဦးတစ်ယောက်ကို ကိုးကွယ်ရာဘာသာကူးပြောင်းရန် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းမပြုရ။

၁၆။ မည်သူမျှ သူတစ်ဦးတစ်ယောက်၏ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းကို ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

အခန်း (၆)
ပြစ်ဒဏ်

၁၇။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က ယင်းပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် မူရင်းပြဋ္ဌာန်းသော အမြင့်ဆုံး ထောင်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း (၇)
အထွေထွေ

၂၁။ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို သက်ဆိုင်ရာ မြို့နယ်သာသနာရေးမှူးရုံးက သော်လည်းကောင်း၊ မြို့နယ်သာသနာရေးမှူးတာဝန်ကို ထမ်းဆောင်သော မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနက သော်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ရမည်။

၂၂။ မှတ်ပုံတင်ရေးအဖွဲ့သည် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ အမှုတွဲနှင့် မှတ်တမ်းများကို လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

၂၃။ (က) ပြည်ပရှိ မြန်မာနိုင်ငံသားများသည် ကိုးကွယ်ရာဘာသာကူးပြောင်းလိုပါက သက်ဆိုင်ရာ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ လည်းကောင်း၊ မိမိနေထိုင်သည့် နိုင်ငံတွင် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မရှိပါက အနီးဆုံးနိုင်ငံရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာ မြန်မာနိုင်ငံ သံရုံးအရာရှိနှင့် ကောင်စစ်ဝန်တို့သည် ပုဒ်မခွဲ (က) အရ ဆက်သွယ်ပါက ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) မှ (ဆ) အထိ၊ ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၂၂ တို့ပါ ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

၂၄။ ဤဥပဒေအရ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းသည် နိုင်ငံသားဖြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၅။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သာသနာရေးဝန်ကြီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဂျပန်နိုင်ငံ၌ ကျင်းပသည့် The Future of Asia ကွန်ဖရင့်သို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်

နေပြည်တော် မေ ၂၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့ Imperial ဟိုတယ်၌ The Future of Asia အမည်ဖြင့် ကျင်းပသည့် ကွန်ဖရင့်အား မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်း၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဖူဒေါ့ဒမ်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မဟာသီမိုဟာမက်တို့နှင့်အတူ မေ ၂၁ ရက်မှ ၂၃ ရက်အထိ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် မေ ၂၃ ရက်တွင် Rising Asia: Myanmar in the Coming two decades စာတမ်းအားဖတ်ကြား၍ တက်ရောက်လာသူများနှင့် မြန်မာနိုင်ငံအပါအဝင် အာရှဒေသဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါခရီးစဉ်အတွင်း ဝန်ကြီး ဦးစိုးသိန်းသည် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဆိုအာဘေးနှင့် ဒုတိယဝန်ကြီးချုပ် တာရိုအာဆိုတို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် မေ ၂၂ ရက်တွင် ဂျပန်အောက်လွှတ်တော်ရှိ ဂျပန်-မြန်မာချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌ အီချီရို အာအိဆာဝါ ဦးဆောင်သည့် အောက်လွှတ်တော်အမတ်များနှင့် တွေ့ဆုံ၍ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အကူအညီပေးမှုများနှင့် ပတ်သက်သည့်ကိစ္စရပ်များကို နေ့လယ်စာအတူသုံးဆောင်ရင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဝန်ကြီးဦးစိုးသိန်းသည် ဂျပန်အောက်လွှတ်တော်တွင် ကျင်းပသည့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ အကြားရင်းနှီးမြှုပ်နှံမည့် သဘောတူစာချုပ်အား အတည်ပြုသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဂျပန်စီးပွားရေးကုမ္ပဏီများမှကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံကာ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

မေ ၂၃ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား နီကေးရှင်းဘွင်းသတင်းစာမှ မြန်မာနိုင်ငံရှိ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းအပ်နှံရေး သီတင်းပတ် ဒုတိယနေ့ ကျောင်းသား ကျောင်းသူများအား ဆက်လက်ကျောင်းအပ်လက်ခံ

ရန်ကုန် မေ ၂၆

ကျောင်းအပ်နှံရေး သီတင်းပတ်၏ ဒုတိယနေ့ဖြစ်သည့် ယနေ့နံနက် ပိုင်းမှစတင်၍ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံသူများဖြင့် စည်ကားလျက်ရှိသည်။ကျောင်းသား ကျောင်းသူများသည် မိဘအုပ်ထိန်းသူများနှင့်အတူ ကျောင်းအပ်နှံရေး အတွက် ပျော်ရွှင်စွာ လာရောက်ကြသည်ကို တွေ့ရသည်။

ရန်ကုန် အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးကို ယမန်နေ့နံနက်ပိုင်းမှ စတင်လက်ခံခဲ့ရာ ယနေ့ ဒုတိယနေ့တွင် လာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရန် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီပေးကြသည်။

ကျောင်းအုပ် ဆရာမကြီး ဒေါက်တာဒေါ်သီဂီကျော်က "ဒီနှစ် မူလတန်း၊ အလယ်တန်း အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် မိဘများဆီက ငွေကြေးကောက်ခံမှုလုံးဝမရှိပါဘူး။ မူလတန်းအတွက်ငွေကျပ် ၁၀၀၀ နဲ့ ဗလာစာအုပ် ခြောက်အုပ်လည်း ထောက်ပံ့ပေးပါတယ်။ ဖတ်စာအုပ်များကိုလည်း အခမဲ့ ဖြန့်ဝေပေးပါတယ်။ အလယ်တန်းအတွက်က ကျောင်းဝင်ကြေးအခမဲ့၊ ပြဋ္ဌာန်းစာအုပ်တွေကိုလည်း အခမဲ့ပေးပါတယ်။ ကိုးတန်းကို ကျောင်းဝင်ကြေးငွေကျပ် ၁၉၀၀၊ ၁၀ တန်းကို ငွေကျပ် ၂၀၀၀ ကောက်ခံပါတယ်။ မနေ့ကတော့ ကျောင်းသားဟောင်း ၁၀၀ ကျော်လောက် လာရောက်အပ်နှံပါတယ်။ ဒီနေ့ကတော့ ပိုများတယ်။ ဒါပေမယ့် ကျောင်းသူ အရေအတွက်အတိအကျ မသိရသေးဘူး။ ကျောင်းသူ အသစ်တွေကိုတော့ ဝင်ခွင့်စာရွက်ကပ်ပြီး မေ ၂၇ ရက်မှ စတင် လက်ခံမယ်။ မိဘအုပ်ထိန်းသူတွေကိုယ်တိုင် လာရောက်အပ်နှံကြပါတယ်"ဟု ရှင်းပြသည်။



ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သီဂီကျော်

သင်္ဃန်းကျွန်းမြို့နယ် အမက (၁၇) မူလတန်းလွန်ကျောင်းမှ ကျောင်းသားမိဘတစ်ဦးကလည်း "ကျွန်မတို့က တစ်နေ့လုပ် တစ်နေ့စားဆိုတော့ ကလေးတွေကို ကျောင်းထားဖို့ဆိုတာခက်ခဲပါတယ်။ အခုလို မူလတန်းနဲ့ အလယ်တန်း အခမဲ့ ပညာရေးစနစ်လုပ်ပေးလိုက်တော့ ဝမ်းသာပါတယ်။ မိဘတွေအနေနဲ့လည်း ပညာရေးအတွက် အဆင်ပြေသွား ပါတယ်။"

အလက(၂) သင်္ဃန်းကျွန်းမှ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဆိုက်ကားဆရာကလည်း"ကျွန်တော့်မှာ အလယ်တန်းကျောင်းသူနှစ်ဦး ရှိပါတယ်။ ကျောင်းအပ်ရာသီရောက်ရင် ကျွန်တော်တို့မှာ ပိုပြီးရှာရပါတယ်။ ဘယ်လောက်ကျမလဲ၊ စာအုပ်ဖိုးဘယ်လောက်ကုန်မလဲပေါ့လေ။ ကလေးတွေကိုလည်း ပညာတတ် ဖြစ်စေချင်တယ်လေ။ အခုတော့ နိုင်ငံတော်ကနေ ကျောင်းသားကျောင်းသူတွေကို အခမဲ့ကျောင်းအပ်လက်ခံတယ်၊ စာအုပ်တွေလည်း အလကား ပေးတယ်ဆိုတော့ ကျွန်တော်တို့လို လက်လုပ်လက်စားသမားတွေအတွက်ကတော့ အတိုင်းထက်အလွန် ဝမ်းသာတာပေါ့ဗျာ။ သမီးနှစ်ယောက်ကို ဆိုက်ကားပေါ်တင်ပြီး ကျောင်းလာအပ်တဲ့ ကျွန်တော့်ရဲ့ ခြေထောက်တွေက ခါတိုင်းထက် ပိုသွက်နေတယ်လို့တောင် ထင်မိပါတယ်" ဟု ပြောသည်။

(ရီရီသန့်)

ညောင်တုန်း မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံရေးတာဝန်များ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက အထက(၂)ခန်းမ၌ ကျင်းပသည်။

ညောင်တုန်းတစ်မြို့နယ်လုံးတွင် ပညာရေးဌာန၏ နယ်မြေအုပ်စု ၁၁ အုပ်စုရှိရာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးတာဝန်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးခင်မင်းက နယ်မြေ ၁၁ အုပ်စုမှ တာဝန်ခံ ဆရာ ဆရာမများကို အသီးသီးတာဝန်ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်၊ ဒေါက်တာလှမင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ယာပုံ)** **ဝင်းမြင့်ကျော်(ညောင်တုန်း)**

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံး ဆောင်ရွက်ပေး

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို ၂၀၁၄ ခုနှစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးစည်းရုံးလှုပ်ရှားမှုကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍

- သန်းခေါင်စာရင်းအရ ကျောင်းနေအရွယ် အသက်အပိုင်းအခြား ဦးရေစာရင်းအား မြို့နယ်ရပ်ကွက်၊ ကျေးရွာအလိုက် ကောက်နုတ်ပြုစုနိုင်ရေး
- မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြု ကော်မတီဝင်များသည် ရပ်ကွက်၊ ကျေးရွာအလိုက် မူလတန်း ကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့်ပူးပေါင်း၍ ထပ်ဆင့်တွေ့ဆုံ၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး အတွက် မိဘပြည်သူများအား အသိပညာပေး စည်းရုံးဆောင်ရွက်နိုင်ရေး
- ကျောင်းအပ်နှံမှု ရက်သတ္တပတ်ပြီးဆုံးပါက သန်းခေါင်စာရင်းအရ ကျောင်းအပ်နှံရမည့် အသက်အပိုင်းအခြား ဦးရေနှင့် အမှန်တကယ် ကျောင်းအပ်နှံသည့် ဦးရေတို့ကို နှိုင်းယှဉ်ပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်း တွက်ချက်နိုင်ရေး
- အစိုးရကျောင်းများတွင် အပ်နှံခြင်းမပြုဘဲ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများသို့ အပ်နှံမှုများကို သီးခြားစာရင်းကောက်ယူ၍ ကျောင်းအပ်နှံမှုရာခိုင်နှုန်းတွင် ထည့်သွင်းပေါင်းစပ်တွက်ချက်နိုင်ရေး
- ကျန်းမာရေးအရဖြစ်စေ၊ လူမှုစီးပွားရေးအရဖြစ်စေ ကျောင်းအပ်နှံနိုင်ခြင်းမရှိသော မိဘများကိုတွေ့ဆုံ၍ အခက်အခဲနှင့် အချက်အလက်များ ကောက်ယူပြီး (Non-formal Education) ကျောင်းပြင်ပပညာရေးအစီအစဉ်များရေးဆွဲနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တို့ပေါင်းစပ်လျက် လူတိုင်းစာတတ်မြောက်ရေး အစီအစဉ်ဆောင်ရွက်နိုင်ရေး

အတွက် ပြည်သူတစ်ရပ်လုံးက ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ အမျိုးသားရေးလှုပ်ရှားမှုတွင် ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်လျှင် မြို့နယ်ပညာရေးမှူးများနှင့်ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

ညောင်တုန်းမြို့နယ်တွင် ကျောင်းအပ်နှံရေး တာဝန်များပေးအပ်

ထူးထူးခြားခြားပြောင်းလဲတာတစ်ခုက အလယ်တန်းအဆင့် အခမဲ့ပညာရေးစနစ်ဖြစ်လာ

သတင်း ›› ခင်ချိုဝင်း
ဓာတ်ပုံ ›› ဇော်မင်းလတ်

ကျောင်းအပ်နှံရေးသီတင်းပတ်ကို ယနေ့တွင်လည်း ဆက်လက်အပ်နှံလျက်ရှိကြရာ မိဘဆရာများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ထပ်မံတင်ပြလိုက်ရပါသည်-

ကျောင်းထိုင်ဆရာတော် ဦးဒသိက (ကမာကဆစ်အနောက်ကျောင်းတိုက် ဒလမြို့နယ်)

၁၉၇၅ ခုနှစ်ကတည်းက ဘုန်းတော်ကြီးသင်ပညာရေး စလုပ်ခဲ့တာ။ ဟိုတုန်းက ဒီမှာသစ်သားကျောင်းလေး၊ အဲ့ဒီနောက်ပိုင်း နိုင်ငံတော်က ဘုန်းတော်ကြီးသင်ပညာသင်ကြားရေးကို ခွင့်ပြုလို့ သင်ကြားခွင့်ကျလာတယ်။ အဲဒီကနေပြီး ဆက်လက်ရုန်းကန်လှုပ်ရှားခဲ့တာ။ မနှစ်ကစပြီးတော့ ဒီမှာပညာသင်ကြားပေးတဲ့ ဆရာ ဆရာမတွေအတွက် လစာကို နိုင်ငံတော်က ထောက်ပံ့ငွေတွေပေးလာတယ်။ ဒီကျောင်းမှာ ဆရာ ဆရာမ ၁၂ ဦးရှိတယ်။ မနှစ်က စာသင်ဆောင်သီးသန့်မရှိတဲ့အတွက် နိုင်သလောက်လေးကိုပဲ လက်ခံသင်ကြားပေးတယ်။ စာသင်ဆောင်သီးသန့်ဖြစ်ရင်တော့ ကျောင်းသားဦးရေ များလာမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အငြိမ်းစား ဆရာမကြီးကိုပဲ ဒီမှာ ကျောင်းအုပ်ပြန်ခန့်ထားတယ်။ အဓိကကတော့ ကလေးတွေကို ပညာပေးချင်တယ်၊ ဘဝနောင်ရေးလေးတွေ ကောင်းစေချင်တဲ့ဆန္ဒတော့ရှိတယ်။ ကလေးတွေရဲ့ ပညာရေးတိုးတက်မှုရှိအောင် ၁၀ တန်းလည်း ပညာဒါနလုပ်ပါတယ်။

ဒေါ်သန်းသန်း (ဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်း ကမာကဆစ် ဒလမြို့နယ်)

အဒေါ့်မြေးလေးကို မနှစ်ကတည်းက ကမာကဆစ်အနောက်ကျောင်းတိုက်ဘုန်းကြီးကျောင်းမှာ ထားတာ၊ ကလေးက ဉာဏ်ရည်မမီတော့ သူငယ်တန်းမှာပဲပြန်အပ်တယ်။ ကျူရှင်တွေဘာတွေလည်းမထားနိုင်ဘူး၊ မြေးရဲ့ မိဘတွေအစား လာအပ်တာပါ။ ပညာတတ်တွေ အကုန်လုံးဖြစ်စေချင်တာပါ၊ ကျောင်းလည်း မှန်မှန်ပို့ပေးပါတယ်။ ဘုန်းတော်ကြီးကျောင်းက တော်တော်များများပံ့ပိုးပေးပါတယ်။

ဒေါ်သန်းသန်းအေး (ဒလမြို့နယ် ပညာရေးမှူး)

ဒီမှာ နွမ်းပါးတဲ့ကလေး ၂၆၀ ခန့်ကို ထောက်ပံ့ဖို့ လောလောဆယ်ရထားတဲ့စာရင်းနဲ့ အလှူငွေအရပေါ့လေး။ အဲ့ဒီလောက်ကို စီစဉ်ထားပါတယ်။ ကလေး ၂၆၀ အတွက် ဗလာစာအုပ်လှူဒါန်းပေးမယ်၊ သူငယ်တန်းကလေးတွေအတွက် ကျောင်းတက်တဲ့အခါမှာ လိုတဲ့ မိုးကာ၊ ထီး၊ ဆွဲခြင်း၊ ရေဘူး၊ ထမင်းဘူး အလှူပစ္စည်းလေးတွေ လည်းပါ ပါတယ်။ အလှူရှင်လှူဒါန်းထားတဲ့ ကလေး ၅၀၀၀ အတွက် ဝတ်စုံကိုလည်း ကျောင်းတွေအလိုက် တကယ်နွမ်းပါးတဲ့ ကလေးတွေကို ဖြန့်ဝေပေးဖို့ စီစဉ်ထားပါတယ်။

မတင်သန်း(တွံတေး)

ကျွန်မက သမီးအငယ်မလေး ငါးတန်းကို ကျောင်းလာအပ်တာပါ။ သားသမီးက ငါးယောက်ရှိတယ်။ အကြီးတွေကတော့ အထက်တန်းနဲ့တင် ပညာဆက်မသင်ကြားတော့ဘူး။ အခုလို ကျောင်းလာအပ်တဲ့အခါ နိုင်ငံတော်က ဒီနှစ်မှာ အလယ်တန်းအဆင့် အခမဲ့ ကျောင်းအပ်နှံရေးကို လုပ်ပေးတော့ ကျွန်မတို့က မပြည့်စုံတော့ ဝမ်းသာတာပေါ့။

ဦးအေးဝင်း(ဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်း အိုးဘိုအနောက် တွံတေးမြို့နယ်)

ကျွန်တော့်သမီးလေးကို ဘုန်းတော်ကြီးသင် ပညာသင်ကြားရေးမှာထားတာ၊ သူငယ်တန်းကတည်းကဒီနှစ်တစ်တန်းရောက်ပြီ၊ နိုင်ငံတော်ကလည်း ကျောင်းသားတွေကို စာအုပ်တွေ၊ ဖတ်စာအုပ်တွေအပြင် ငွေကျပ် ၁၀၀၀ လည်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့် သမီးလေးကို ဒီကျောင်းမှာ အတန်းကြီးအထိထားမယ်လို့ စဉ်းစားပြီးပါပြီ၊ ဒီမှာထားရတာ ကလေးတွေကိုငွေရေးကြေးရေးကအစ ကျွန်တော်တို့ပံ့ပိုးစရာလည်းမလိုပါဘူး။ ဘုန်းတော်ကြီးကလည်း အပြည့်အဝ စောင့်ရှောက်ပေးပါတယ်။

ကျောင်းအပ်နှံရေးနှင့်စပ်လျဉ်း၍ ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသကဲ့သို့ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့်လည်း တွေ့ဆုံခဲ့ရာ . . . .

ဒေါက်တာကျော်စိုးနိုင် (လ/ထ ညွှန်ကြားရေးမှူး အမှတ်(၃) အခြေခံပညာဦးစီးဌာန)

ကျောင်းအပ်နှံရေးနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား ပြောင်းလဲတာက လေးတန်း၊ ရှစ်တန်းက အရင်ကလို အတန်းတက်စနစ်မျိုး မဟုတ်တော့ဘူး။ အရည်အသွေးပိုင်းကို အဓိကထားစစ်ပြီးတော့ ကျရှုံးမှုတွေ နည်းနည်းရှိလာမယ်။ ကျရှုံးတဲ့ကလေးတွေကိုတော့ ဘယ်လိုပြန်စဉ်းစားရမယ်ဆိုတာ အခုထိဆုံးဖြတ်ချက် မကျသေးဘူး။ အဲဒါလေးက ဒီနှစ်အတွင်းမှာ ကျလာမှာပါ။ သေချာတာကတော့ အရည်အသွေးပိုင်းကို နည်းနည်းလေး ဦးစားပေးလာတယ်။ လေးတန်းဆိုရင် ခရိုင်အဆင့်ကနေပြီး မေးခွန်းထုတ်ပြီးတော့ ခရိုင်မှာရှိတဲ့ ဆရာ ဆရာမများ အားလုံးနဲ့ ဘုတ်ဖွဲ့ပြီးတော့ ဝိုင်းပြီးစစ်မှာ၊ အဲဒီစနစ်နဲ့ အောင်/ရှုံးသတ်မှတ်မယ်။ ရှစ်တန်းမှာလည်း ခရိုင်အဆင့်ကနေပြီး မေးခွန်းတစ်စုံတည်းထုတ်မယ်။ ခရိုင်အလိုက် ခရိုင်တစ်ခုနဲ့ တစ်ခု မေးခွန်းတူချင်မှတူမယ်။ ဒါပေမယ့် တစ်ခရိုင်လုံးမှာ အဲဒီမေးခွန်းတူတယ်။ အဲဒီလို ကလေးတွေရဲ့ အရည်အသွေးကိုစစ်မယ်။ နောက်တစ်ခုက ၁၀ တန်းကိစ္စက မေးခွန်းတစ်ခုတည်း ဖြစ်ဖို့ဆိုတာ ခုထိ Decision မကျသေးဘူး။ ဒါပေမယ့် ဖြစ်ဖို့များတယ်လို့ ပြောနေသေးတော့ ဒါကတော့ တိတိကျကျ သတင်းမဟုတ်သေးဘူးပေါ့။ သင်ခန်းစာပိုင်းဆိုင်ရာကတော့ ဒီနှစ်မှာလည်းပဲ ရှိသမျှသင်ခန်းစာတွေထဲကနေပြီးတော့ ကလေးတွေကို များတယ်ထင်တဲ့ ဘာသာတွေမှာ ရာခိုင်နှုန်းအရ မူလတန်းအဆင့်ဆိုရင် ၁၀ ရာခိုင်နှုန်းလျှော့ပြီး အလယ်တန်းအဆင့်ဆိုရင်လည်း အဲဒီလိုပဲ ၂၀ ရာခိုင်နှုန်းလျှော့တယ်၊ သင်ခန်းစာတွေ နည်းနည်းလျှော့လိုက်တယ်။

နောက်ထပ်ပြောင်းလဲမယ့် အပိုင်းက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်လောက်ကျရင်တော့ သင်ခန်းစာ Curriculam နဲ့ Text Book အရည်အသွေးကစပြီး အားလုံးပြောင်းလဲမယ်လို့ ပညာရေးသုတေသနဌာနက တင်ထားတယ်။ ဒီနှစ် ထူးထူးခြားခြားပြောင်းလဲလာတာတစ်ခုက အလယ်တန်းအဆင့် အခမဲ့ပညာရေးစနစ်ဖြစ်လာတယ်။ မူလတန်းအဆင့်ကိုတော့ ဗလာစာအုပ်ရော ထောက်ပံ့ငွေကျပ် ၁၀၀၀ ရော ပေးတယ်။ အလယ်တန်းအဆင့်မှာတော့ အဲဒါတွေ အားလုံးကိုပေးနိုင်မှာ မဟုတ်သေးဘူး။ တချို့ကျောင်းတွေက ပေးချင်ပေးမယ်။ ကျောင်းတွေရဲ့ မြို့နယ်ဆိုင်ရာ အုပ်ချုပ်ရေးကနေ ထောက်ပံ့ကူညီမှုနဲ့ မိဘတွေရဲ့ ကူညီအားကောင်းတဲ့ကျောင်းတွေမျိုးဆိုရင်ပေးနိုင်လိမ့်မယ်၊ ကျောင်းတိုင်းကိုတော့ အဲဒါအစီအစဉ်ထဲမှာ မပါသေးဘူး။ အဓိကက ကလေးတွေကို သက်ဆိုင်ရာ ပညာရေးဝန်ထမ်းတွေရော ဌာနဆိုင်ရာအားလုံးက လူတွေရောပါပဲ၊ အကြီးပိုင်းမှာရှိတဲ့ လူတွေအားလုံးက ဝိုင်းဝန်းစည်းရုံးရေးလုပ်ပေးရမှာပေါ့။ ပညာရေးဌာနတစ်ခုတည်းနဲ့ မအောင်မြင်နိုင်ဘူး။ ကျန်တဲ့ဌာနဆိုင်ရာအားလုံးက ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ပညာရေးကို သိပ်တန်ဖိုးမထားဘဲနဲ့ အထင်သေးနေတဲ့ မိဘမျိုးတွေရှိတယ်ဆိုရင် ကလေးတွေကို တန်ဖိုးထားတတ်အောင် ဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်းပဲဖြစ်ဖြစ်၊ ကိုယ်ပိုင်ကျောင်းပဲဖြစ်ဖြစ်၊ Internal ကျောင်းတွေပဲဖြစ်ဖြစ် ဘယ်ကျောင်းမှာပဲ သင်သင် အဓိကက ပညာရေးကို ဆုံးခန်းတိုင်အောင် သူတို့ထောက်ပံ့အားပေးဖို့ လိုအပ်တဲ့ အကူအညီရှိတယ်ဆိုရင်လည်း သက်ဆိုင်ရာတွေကို လိုအပ်သလို ပွင့်ပွင့်လင်းလင်းညှိနှိုင်းဆွေးနွေးဖို့ ဒါလေးတွေကိုစည်းရုံးပေးရမယ်။ အဓိကကတော့ အဲဒါပါပဲ။

ဒေါ်သန်းသန်း။

ဒေါ်သန်းသန်းအေး။

မတင်သန်း(တွံတေး)။

ဦးအေးဝင်း။

ဒေါက်တာကျော်စိုးနိုင်။

တစ်ခုခုပေါ့။

ကျွန်တော့်အနေနဲ့ ထူးထူးခြားခြား ပြောချင်တာက ကျွန်တော်တို့နိုင်ငံမှာ အသက်မပြည့်လုပ်သား၊ အဲဒါတွေကို ဆိုင်တွေမှာ တော်တော်များများခိုင်းနေကြတယ်။ သူတို့ကပဲ ခိုင်းကောင်းလို့ ခိုင်းတာလား၊ ကလေးတွေကပဲ အလုပ် မဖြစ်မနေလုပ်ချင်လို့ ခိုင်းတာလားတော့ မသိဘူး။ အဲဒါလေး တစ်ခုတော့ နည်းနည်းလေးပေါ့၊ သက်ဆိုင်ရာ အားလုံးပေါ့၊ အုပ်ချုပ်ရေးအရရော၊ ပညာရေးအရရော ဌာနအားလုံးက ဒါလေးနည်းနည်း လောက်ဝိုင်းဝန်းထိန်းသိမ်းဖို့ ကောင်းတယ်လို့ မြင်တာပေါ့လေ၊ အဓိကအားဖြင့် စီးပွားရေးလုပ်တဲ့ဆိုင်တွေကလည်း ဒီကလေးတွေကို ဈေးချိုချိုရတိုင်း ခိုင်းကောင်းစိတ်နဲ့ မခိုင်းဘဲနဲ့ သူတို့ကိုလည်း တတ်နိုင်သမျှ အကူအညီလေးပေးပြီး ပညာရေးကိုလည်း သူတို့ဘက်ကနေပြီး ဒီကလေးတွေကို အလုပ်လုပ်ခိုင်းမယ်ဆိုရင် တောင်မှ နည်းနည်းချင်းပေါ့၊ နာရီပိုင်းနဲ့ခိုင်းပြီး ပညာရေးကို သူတို့အနေနဲ့ အကူအညီပေးသင့်တယ်လို့ ထင်တယ်လို့ အဲဒါလေးကို အဓိကပြောချင်တယ်။ ။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၈၄)အမှုတွင် ၃၀-၄-၂၀၁၄ရက်စွဲဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့်-၃၉၊ နည်း(၁)အရ ချမှတ်ထားသော ယာယီတားဝရမ်းအမိန့်သည် အမှုသည်မဟုတ်သူ ဦးသန်းဝင်းအောင်၊ ဒေါ်ဆွေဆွေဝင်းတို့နှင့် လည်းကောင်း၊ အမှုဖြစ်ပစ္စည်းမဟုတ်သော မိမိတို့ပိုင် မြေနှင့်အဆောက်အအုံနှင့်လည်းကောင်း၊ သက်ဆိုင်မှုမရှိကြောင်း ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးသန်းဝင်းအောင်[၁၂/ဗတထ(နိုင်)၀၀၈၈၄၈]နှင့် ဒေါ်ဆွေဆွေဝင်း[၁၂/ဒဂန(နိုင်)၀၂၂၅၇၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၅၇/၂၅၉)ဟုခေါ်တွင်သော (၀. ၃၃၅) ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်မြေကွက်ပေါ်ရှိ ဖျက်သိမ်းဆဲ ရတနာပုံရုပ်ရှင်ရုံ (ဟောင်း)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ဦးသန်းဝင်းအောင်နှင့် ဒေါ်ဆွေဆွေဝင်းတို့က ၁၂-၇-၂၀၁၁ရက်ကတည်းက သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းမှတ်တမ်း၌ တရားဝင်လွှဲပြောင်းအမည်ပေါက် ပိုင်ဆိုင်ထားပြီးဖြစ်သည့်အပြင် ထို့နေ့ရက်ကတည်းက လက်ရောက်အထင်အရှား ခြံဝင်းခတ်လျက် စီမံခန့်ခွဲနေသောပစ္စည်းဖြစ်ပါသည်။ ယင်းအဆောက်အအုံအား ၃၀-၄-၂၀၁၄ရက်စွဲဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၈၄)တွင် တရားမကျင့်ထုံးဥပဒေအမိန့်-၃၉၊ နည်း(၁)အရ ယာယီတားဝရမ်းထုတ်ဆင့်ကြောင်း တားဝရမ်းအမိန့်စာတစ်စောင်ကို သက်ဆိုင်ရာက လာရောက်စွဲကပ်ခဲ့ပါသည်။ အဆိုပါ ယာယီတားဝရမ်းထုတ်ဆင့်သော တရားမကြီးမှုတွင် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ဦးသန်းဝင်းအောင်နှင့် ဒေါ်ဆွေဆွေဝင်းတို့သည် အမှုသည်များ(တရားပြိုင်များ)အဖြစ် ပါဝင်ခြင်းမရှိသည့်အပြင် အမှတ်(၂၅၇/၂၅၉)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အဆောက်အအုံသည် အဆိုပါတရားမကြီးမှုအမှတ်(၁၈၄/၂၀၁၁)အမှုတွင် အမှုဖြစ်ပစ္စည်း(သို့မဟုတ်) အငြင်းပွားပစ္စည်း(Property in dispute)အဖြစ် မပါဝင်ကြောင်း၊ အဆိုပါ တရားမကြီးမှုသည် ဆိုင်ခန်းအတွက်ဆုံးရှုံးနစ်နာမှု လျော်ကြေးငွေရလိုကြောင်း သက်သာခွင့်ကို စွဲဆိုတောင်းခံသောအမှုဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။သို့ဖြစ်ရာ ယာယီတားဝရမ်းထုတ်ဆင့်သော တရားမကြီးမှုတွင် အမှုသည်အဖြစ်ပါဝင်ခြင်းမရှိသူ ကျွန်ုပ်တို့၏ မိတ်ဆွေများအနေဖြင့် အဆိုပါ တရားမကြီးမှုစွဲဆို ပေါ်ပေါက်ခြင်းမရှိမီကတည်းက တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး အမှုတွင် အငြင်းပွားပစ္စည်းမဟုတ်သော မိမိတို့ ပိုင်ဆိုင်စီမံခန့်ခွဲနေသည့် ပစ္စည်းအပေါ် စွဲကပ်လာသော ယာယီတားဝရမ်းအမိန့်သည် မိမိတို့အပေါ် ဥပဒေအရ တစ်စုံတစ်ရာ အကျိုးသက်ရောက်မှုမရှိကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းဝင်းအောင်၊ ဒေါ်ဆွေဆွေဝင်းတို့နှင့် သက်ဆိုင်မှုမရှိကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။ အဆိုပါ တရားမကြီးမှုမှ အမှုသည်များအနေဖြင့် ဦးသန်းဝင်းအောင်၊ ဒေါ်ဆွေဆွေဝင်းတို့၏ အမည်ဂုဏ်သတင်းနှင့် အကျိုး စီးပွားကို ထိခိုက်နစ်နာစေသော ပြုလုပ်မှုများကို ဥပဒေနှင့်အညီမဟုတ်ဘဲ ဆက်လက်ဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်း အသိပေးအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းစိုး(ထွန်း)
B.A (Eco), H.G.P., R.L, D.B.L
တရားလွှတ်တော်ရှေ့နေ
(စဉ်-၅၄၉၃)

ဒေါ်မူယာ
L.L.B Dip in Business Law
တရားလွှတ်တော်ရှေ့နေ
(စဉ်-၆၆၆၀)

ဦးဇော်ဇော်နိုင်အောင်
(LL.B)
အထက်တန်းရှေ့နေ
(စဉ်-၂၅၄၇၄)
အမှတ်(၁၅၈/ဘီ)၊ ၃လွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမည်ပြောင်း

ရောဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အင်းတမိသက္ကယ်ကျေးရွာနေ အဖ ဦးခင်အုန်း၏သား မောင်ချစ်ကိုကိုဇော်[၁၄/အမန(နိုင်) ၀၉၆၈၇၉]အား မောင်ကိုဇော်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ကိုဇော်ဝင်း

ပျောက်ဆုံးကြောင်း

ကျွန်မ မခင်လှစီ၏ Passport MA 261207 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

Ph:09-428158082

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်၊ အနော်ရထာ(၄)လမ်း၊ မြေကွက်အမှတ်(Q/27)၊ ပေ(၈၀×၆၀)အကျယ်အဝန်းရှိ ဦးချစ်မောင် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားသူ ဦးသန်းညွှန့်[၁၂/ လကန(နိုင်)၀၁၈၇၈၀]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ လွှဲအပ်ချက်အရ-

ဒေါ်တင်စုဝေ(စဉ်-၃၂၆၉၃)
LL.B, D.B.L, D.M.L

ဦးဝင်းထိုက်(စဉ်-၃၆၇၃၇)
LL.B, D.B.L

Myanmar United Land အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဥပဒေအကြံပေးကုမ္ပဏီ
အထက်တန်းရှေ့နေများ
အမှတ်-၆၆/၆၈၊ (မြေညီထပ်)၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၃၁၂၉၈၇၂၄၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂

ပြည်တွင်းရေးရာ

ပဲခူး – စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်မှု အောင်ပွဲ

ဦးတင်မောင်အေး
(ညွှန်ကြားရေးမှူး)

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

မြန်မာနိုင်ငံသည် စိုက်ပျိုးဖြစ်ထွန်းနိုင်သော ရေ၊ မြေ၊ ရာသီဥတုအခြေအနေနှင့် ပြည့်စုံကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနေသော အခြေခံအကျဆုံး ကဏ္ဍကြီးဖြစ်သည်။

ယင်းသို့ စိုက်ပျိုးထုတ်လုပ်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေသည်လည်း အရေးပါသော လိုအပ်ချက်ဖြစ်သည်။ စိုက်ပျိုးရေရရှိရေးအတွက် မြေအခြေအနေပေးမှုနှင့် မြစ်ချောင်းများ၏ အနေအထားအပေါ်မူတည်ပြီး အကြီးစား၊ အလတ်စားနှင့် အငယ်စား ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့ ရေရရှိရေးစီမံကိန်းများကို ဆောင်ရွက်ပေးရာတွင် တာတမံများ လုံခြုံခိုင်ခံ့အောင် ရေတံခါးများ၊ ရေမြောင်းများ ကောင်းမွန်လာအောင် ဆောင်ရွက်ရန် အထူးလိုအပ်သည်။ ထိုသို့ ဆောင်ရွက်မှသာ ရေလွှမ်းမိုးမှု ကာကွယ်နိုင်ခြင်း၊ ရေသွင်းရေထုတ် ကောင်းမွန်လာခြင်းနှင့် ကုန်းလမ်း ရေလမ်းသွားလာမှု ကောင်းမွန်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ၁၈၇၃ ခုနှစ်ကတည်းက စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၈ ခုနှစ်က ပြီးစီးခဲ့သော ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင် ပြုပြင်တူးဖော်ခြင်းလုပ်ငန်း အောင်မြင်ခြင်း အခမ်းအနားကို ၂၀၁၄ ခုနှစ် မေ ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တာဝရေထိန်းတံခါးအနီး၌ ကျင်းပခဲ့သည်။

ပဲခူး-စစ်တောင်းတူးမြောင်းသည် အလျား ၃၇ မိုင် ၇ ဖာလုံရှိပြီး တူးမြောင်းထိပ်ဝအကျယ်ပေ ၁၅၀၊ အောက်ခြေအကျယ်ပေ ၆၀၊ အနက် ၁၀ ပေနှင့်တာထိပ်အကျယ် ၂၄ ပေရှိသည်။ ဆက်စပ်ရေနုတ်မြောင်း ၁၅ မြောင်း၊ ဆက်စပ်ရေလျှံထိန်းတာ တစ်ခု၊ ရေထိန်းအဆောက်အအုံ ၂၂ ခုရှိပြီး အကျိုးပြုဧရိယာမှာ ၄၄၉၉၈ ဧကရှိသည်။ တူးမြောင်းကြီးအား အဆင့်မြှင့်တင် တူးဖော်ဆောင်ရွက်ခဲ့ပြီဖြစ်သဖြင့် ပဲခူးခရိုင်အတွင်းရှိ လယ်မြေဧက လေးသိန်းငါးသောင်းခန့်ကို ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် ရေလမ်းနှင့် ကုန်းလမ်းများ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာကာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးများစွာ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။ ယခင်ကထက်လည်း ရေချိုများကို ၁၀ ဆပိုမိုထိန်းသိမ်းနိုင်မည်ဖြစ်ကာ စိုက်ပျိုးရေ၊ သောက်သုံးရေသာမက ငါးမွေးမြူရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။

ပဲခူး-စစ်တောင်းတူးမြောင်းသည် ယခင် ဘိုးဘွားလက်ထက်က စက်ယန္တရားကြီးများ မရှိသည့်အတွက် တူးမြောင်းကြီးကို သွေး၊ ချွေး အမြောက်အမြားဖြင့် ဖောက်လုပ်ခဲ့ရသော်လည်း ယခုဆိုလျှင် တူးမြောင်း၏ သက်တမ်းသည် နှစ်ပေါင်း ၁၃၆ နှစ်ကြာမြင့်ပြီဖြစ်သည်။ နှစ်ပေါင်းကြာမြင့်လာသည်နှင့်အမျှ တူးမြောင်းမကြီးသည် နုန်းပို့ချပြီး တိမ်ကောနေကာ တည်ဆောက်ခဲ့သော ရေယူအဆောက်အအုံမှာလည်း ဟောင်းနွမ်းဆွေးမြည့်ပျက်စီးနေသည်ကို တွေ့ရသည်။

ဒေသခံပြည်သူလူထုက ယခုကဲ့သို့ သက်တမ်းကြာမြင့်မှုကြောင့် တိမ်ကောပျက်စီးနေသော ပဲခူး-စစ်တောင်းတူးမြောင်းကို ပြုပြင်ပေးစေလိုသည့်ဆန္ဒများရှိနေခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေကြီးမှုဖြစ်ခဲ့စဉ်ကာလက မြေပြင်သို့ ကွင်းဆင်းအားပေးခဲ့သော ခရီးစဉ်တွင် ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ရန် လမ်းညွှန်မှာကြားခဲ့သည်။ နိုင်ငံတော်အစိုးရ၏ရည်ရွယ်ချက်သည် ပြည်သူများ၏ ဆန္ဒပင်ဖြစ်သကဲ့သို့ ပြည်သူများ၏ ဆန္ဒသည်လည်း နိုင်ငံတော်၏ ရည်ရွယ်ချက်ပင်ဖြစ်သည်။

တစ်ချိန်က လူလုပ်အားဖြင့် ငါးနှစ်၊ ၁၀ နှစ်ခန့် တူးဖော်ဆောင်ရွက်ခဲ့ရသည်ကို ယခု ၂၁ ရာစုနှစ်မှာ စက်ယန္တရားများဖြင့် အချိန်တိုကာလ သုံးလတာအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများ လက်တွေ့အကျိုးကျေးဇူးခံစားနေရပြီဖြစ်သည်။ တူးမြောင်းတူးဖော်ပေးလိုက်သည့်အတွက် ရေကြီးကွင်းများမှ ရေများ လျင်မြန်စွာ ထုတ်နုတ်နိုင်သည့်အတွက် မိုးစပါးနှင့် နွေစပါးများ အချိန်မီ စိုက်ပျိုးနိုင်တော့မည်ဖြစ်သည့်အပြင် ရေကြောင်းသွားလာမှုလည်း ပိုမိုအဆင်ပြေမည်ဖြစ်သည်။

ဒေသခံပြည်သူများ အနေဖြင့်လည်း ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ တူးမြောင်းတာပေါင်တိုးချဲ့ဆောက်လုပ်ခဲ့သည့်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းများတွင်ကျယ်လာမည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်မြို့အရှေ့ခြမ်း မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးမြောင်းမကြီးသို့ ရေချိုဖြည့်တင်းပေးနိုင် မည်ဖြစ်၍ ရန်ကုန်မြို့တော် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း အထောက်အကူပြုသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများထံသို့ အမွေအနှစ်ကောင်းတစ်ခုအဖြစ် ပဲခူး-စစ်တောင်းတူးမြောင်းအဆင့်မြှင့်တင်ပေးလိုက်သည့်အတွက် ဒေသခံပြည်သူများ၏လူနေမှုဘဝ တိုးတက်မြင့်မားလာမည်မှာ အသေအချာပင်ဖြစ်သည်။

ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင် တူးဖော်ဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်-

ဦးတင်မောင်အေး (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး-၁)

ကျွန်တော်တာဝန်ယူထားရတဲ့အပိုင်းကတော့ ပဲခူး-စစ်တောင်းတူးမြောင်း ပြန်လည်ပြုပြင်တည်ဆောက်တဲ့အပိုင်းမှာ အလုံးစုံ တာဝန်ယူထားပါတယ်။ ပဲခူး-စစ်တောင်းတူးမြောင်းဟာ အင်္ဂလိပ်ကိုလိုနီလက်အောက်မှာ ကျရောက်စဉ်တုန်းက တူးဖော်ခဲ့တဲ့ တူးမြောင်းကြီးဖြစ်ပါတယ်။ သူတို့ တည်ဆောက်ခဲ့တာ ၁၈၇၃ ခုနှစ်မှ ၁၈၇၈ ခုနှစ်အထိ ငါးနှစ်တာကြာခဲ့ပါတယ်။ သူတို့တူးဖော်ရတဲ့ ရည်ရွယ်ချက်ကတော့ ပဲခူးရိုးမမှာရှိတဲ့ ကျွန်းသစ်တွေ၊ ဝါးတွေ၊ ကြိမ်တွေကို ရန်ကုန်ကို ပို့ဖို့အတွက် စစ်တောင်းမြစ်ကနေ မျှောပြီးတော့ ပဲခူးကို ဒီတူးမြောင်းကနေ သယ်ပြီး ပဲခူးကနေ ရန်ကုန်ကို သယ်ဖို့အတွက် ဒီတူးမြောင်းကို ဖောက်လုပ်ခဲ့တာပါ။

ဒီတူးမြောင်းကြီးကို ပြန်လည်ပြုပြင်ရတဲ့ ဖြစ်စဉ်အကျဉ်းချုပ်ကတော့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်မှာ နိုင်ငံတော်သမ္မတကြီးက တောင်ငူခရိုင်ရေကြီးနစ်မြုပ်တဲ့နေရာကို လာရောက်ကြည့်ရှုတဲ့အချိန်မှာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဒီတူးမြောင်းနဲ့ပတ်သက်ပြီး တင်ပြပါတယ်။ နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ဖြစ်စဉ်တွေကို ရေးသားတင်ပြပြီးတော့ ပြည်သူလူထုက တောင်းဆိုလာတဲ့အတွက် သမ္မတကြီးက ခွင့်ပြုဆောင်ရွက်ခဲ့ပါတယ်။

စတင်ဆောင်ရွက်တဲ့နေ့ကတော့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်က စတင်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တူးမြောင်းရဲ့ အလျားမိုင်က စုစုပေါင်း ၃၇ မိုင်နဲ့ ၇ ဖာလုံရှိပါတယ်။ အကျယ်ကတော့ ထိပ်ဝအကျယ်က ပေ ၁၅၀ ရှိပါတယ်။ ရေအနက်ကတော့ ၁၀ ပေ၊ ၁၂ ပေခန့်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အောက်ခြေအကျယ်ကတော့ ပေ ၆၀ အကျယ် ပြန်လည်တူးဖော်မှာဖြစ်ပါတယ်။ ဒီတူးမြောင်းကို တူးဖော်တဲ့အခါမှာ ကျွန်တော်တို့က မိုးဦးမကျမီ အချိန်မီပြီးစီးဖို့အတွက် ကြီးမားတဲ့ လုပ်ငန်းပမာဏကြီး ဆောင်ရွက်ဖို့ရာ ဒီဇိုင်းပုံစံတွေ ရေးဆွဲဆောင်ရွက်ရတယ်။ ဇလဗေဒအချက်အလက်တွေ စုဆောင်းရပါတယ်။ ဒီဇိုင်းတွက်ချက်ပြီးတော့ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ စဉ်းစားဆုံးဖြတ်ရပါတယ်။ လိုအပ်တဲ့ စက်ယန္တရားတွေကို စုဆောင်းရပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက်မှာစတင်ဆောင်ရွက်ခဲ့ပြီး မေ ၂၅ ရက်မှာ အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

ရက်ပေါင်း ၁၀၀ တူးဖော်ခဲ့ရပါတယ်။ စက်အစီးပေါင်း ၃၇၇ စီးနဲ့ နေ့/ညအဆိုင်းခွဲပြီး နေရာခွဲပြီးတော့ ဝန်ထမ်းတွေရော ဒေသခံပြည်သူတွေရော အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။ အခက်အခဲကတော့ ဒီတူးမြောင်းကြီးက နှစ်ပေါင်း ၁၃၆ နှစ်လောက်ကြာပြီး တစ်ခါမှ ပြန်လည်ပြုပြင်ခြင်းမရှိတော့ အနယ်အနှစ်တွေ ထိုင်ပြီး ၁၀ ပေလောက်၊ တချို့ဆို ရှစ်ပေလောက် တူးဖော်ရပါတယ်။ ဒီအတိုင်းမြေအမာမှာ တူးဖော်ရသလို မဟုတ်ဘဲ တူးမြောင်းထဲကို စက်ကြီးတွေ ဆင်းနိုင်အောင် အရင်လုပ်ရပါတယ်။ ပြန်ပြီးတော့ ဖယ်ထုတ်နိုင်အောင် နှစ်ဆင့်၊ သုံးဆင့်လောက်၊ တချို့ဆိုရင် လေးဆင့်လောက် လုပ်ရပါတယ်။ အဲဒီလိုနဲ့ အဆင့်ဆင့် ဆောင်ရွက်ခဲ့ရတာပါ။

ဒီတူးမြောင်းကို တူးဖော်ဆောင်ရွက်ခဲ့တာမှာ စေတနာနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ တူးမြောင်းကြီးကို တူးဖော်ပြီးတော့ တာပေါင်ကြီးကို ဖို့ဖြစ်တာဖြစ်ပါတယ်။ အဲဒီတာပေါင်ပေါ်မှာပဲ ကားတွေ၊ ဆိုင်ကယ်တွေ သွားလာနိုင်အောင်ဖို့ဖြစ်တာပါ။ လမ်းအကျယ်က ၁၈ ပေဖြစ်ပြီးတော့ တာပေါင်ကြီးရဲ့အကျယ်က ၂၄ ပေ၊ ၁၈ ပေ ဂဝံလမ်းခင်းခဲ့တာဖြစ်ပါတယ်။ အထုကတော့ ဂဝံလမ်း ၁၂ လက်မ အထုဖြစ်ပါတယ်။ နွေ၊မိုး၊ ဆောင်း သွားလို့ရပါတယ်။ ဒီတူးမြောင်းကြီးကို နိုင်ငံတော်အစိုးရကနေ ဦးဆောင်ပြီးတော့ ဆောင်ရွက်ခိုင်းခဲ့တယ်။ ကျွန်တော်တို့ကလည်း အားကြိုးမာန်တက် ဆောင်ရွက်ခဲ့တယ်။ အားလုံးလည်း အကောင်အထည်ပေါ်လာပြီဖြစ်ပါတယ်။

စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲဖို့အတွက်ကတော့ ထိန်းသိမ်းဖို့လိုအပ်မှာဖြစ်ပါတယ်။

လူတိုင်း လူတိုင်းကလည်း စည်းကမ်းရှိဖို့၊ စက်လှေတွေသွားရာမှာလည်း သတ်မှတ်ထားတဲ့အရှိန်နှုန်းအတိုင်းပဲ သွားဖို့လိုအပ်ပါမယ်။ နောက်ပြီးတော့ ယင်းတွေတားခြင်း၊ ငါးတွေဖမ်းခြင်း စတဲ့ရေစီးရေလာ အဟန့်အတားဖြစ်မယ့် ဟာတွေကို ရှောင်ရှားဖို့လိုပါတယ်။ နောက်ဂဝံလမ်းပေါ်ဖြတ်ပြီးသွားမယ်ဆိုရင်လည်း ရေတံခါးတွေဖြတ်ပြီးသွားရမှာမို့ ခြောက်တန်အောက်ပဲ သွားသင့်ပါတယ်။ တန်တွေအများကြီးနဲ့ မိုးတွင်းကာလမှ သွားမယ်ဆိုရင် လမ်းမရဲ့ ခိုင်ခံ့မှုက ကျဆင်းလာမှာဖြစ်ပါတယ်။ အားလုံးက သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်း၊ ဥပဒေအားလုံးကိုလိုက်နာပြီးတော့ ကိုယ့်တိုင်း/ကိုယ့်ရပ်ရွာအတွက် ကောင်းမွန်အောင်ဆောင်ရွက်ပေးဖို့ ဒေသမှာနေတဲ့ ပြည်သူတွေအားလုံးကိုလည်း မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

[illegible]
B.Sc, MPA, H.T

အနုပညာ

ဂေါင်းလီနှင့်ကျန်းကျိရိတို့က အချင်းချင်းပြိုင်ဘက်များ မဟုတ်ကြောင်း ထုတ်ဖော်ဖွင့်ဟ

တရုတ်ရုပ်ရှင်လောက၏ ညွှို့အားပြင်းသည့် မင်းသမီးနှစ်ဦးဖြစ်သည့် ဂေါင်းလီက ၎င်းနှင့် ကျန်းကျိရိတို့ အကြား ပြိုင်ဘက်များသဖွယ် ပြိုင်ဆိုင်မှုများပြင်းထန်နေသည်ဆိုသော ကောလာဟလများမှာ မဟုတ်မှန်ပါကြောင်း၊ ယခင်ကတည်းက ခင်မင်ရင်းနှီးစွာဆက်ဆံမှုများရှိခဲ့ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး ပြိုင်ဘက်ဟု သဘောမထားပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကာလအတွင်းက ကျင်းပခဲ့သည့် ဖက်ရှင်ရှိုးပွဲတစ်ခုတွင် "ကျွန်မနဲ့ ကျန်းကျိရိတို့က တစ်ယောက်နဲ့တစ်ယောက်က အလွန်ကိုရင်းနှီးကြပါတယ်။ ဒီရုပ်ရှင်ပွဲတော်မှာ ပရီမိုးရှင်းလုပ်ခဲ့တဲ့ ကျန်းကျိရိပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာ ဂျွန်ဝူးရဲ့ The Crossing ဇာတ်ကားကိုလည်း သေသေချာချာကြည့်ရှုခဲ့ပြီးပါပြီ။ အလွန်ကောင်းမွန်ပါတယ်"ဟု တရုတ်ရုပ်ရှင်ကြယ်ပွင့် မင်းသမီး ဂေါင်းလီက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ရုပ်ရှင်လောက၏ အထင်ကရမင်းသမီးများဖြစ်ကြသည့် ဂေါင်းလီနှင့် ကျန်းကျိရိတို့သည် ၂၀၀၅ ခုနှစ်က Memoirs of Geisha ဇာတ်ကားထွက်ရှိပြီးချိန်မှ စတင်ကာ အတူတွဲပြီးဇာတ်ကားများ ရိုက်ကူးခြင်းမရှိတော့ခြင်းဖြစ်ကြောင်းနှင့် ကျန်းကျိရိသည် တရုတ်နိုင်ငံ၏ ထူးချွန်ထက်မြက်သည့် ရုပ်ရှင်သရုပ်ဆောင်ကောင်းတစ်ဦး ဖြစ်သည့်အတွက် အနာဂတ်တွင် လက်တွဲဆောင်ရွက်နိုင်မည့် အခွင့်အရေးများကို ရှာဖွေသွားမည်ဖြစ်ကြောင်း ဂေါင်းလီက ဆက်လက်ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင် စုစည်းသည်

ဂျပန်ပေါ့ပ်ဂီတအဖွဲ့မှအဖွဲ့ဝင်များ ပရိသတ်တွေ့ဆုံပွဲတစ်ခုတွင် ဒဏ်ရာအသီးသီးရရှိ

ဂျပန်ပေါ့ပ်ဂီတအဖွဲ့ AKB48 မှအဖွဲ့ဝင်တေးသံရှင်နှစ်ဦးနှင့် ဝန်ထမ်းတစ်ဦးတို့သည် ဂျပန်နိုင်ငံ အရှေ့မြောက်ဘက်ရှိ မြို့တော်တာကီဇာဝါတွင် ပရိသတ်တွေ့ဆုံပွဲတစ်ခုပြုလုပ်စဉ် အမျိုးသားတစ်ဦးကြောင့် ထိခိုက်ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မတော်တဆဖြစ်စဉ်တွင် AKB48 မှ အသက်(၁၈)နှစ်အရွယ် အဖွဲ့ဝင် Anna Iriyama နှင့် အသက်(၁၉)နှစ်အရွယ် Rina Kawaei တို့၏ လက်များတွင်ဒဏ်ရာများအသီးသီးရရှိခဲ့ကြပြီး နီးစပ်ရာဆေးရုံသို့ တင်ပို့ကုသထားကြောင်းနှင့် အဆိုပါ မတော်တဆမှု ဖန်တီးသူ အသက်(၂၄)နှစ်အရွယ် အမျိုးသားအား သက်ဆိုင်ရာက ဖမ်းဆီးအရေးယူထားကြောင်း အဆိုပါ အဖွဲ့၏ တရားဝင်ဘလော့ခ်တွင် ဖော်ပြချက်များကို ကိုးကားပြီး ဂျပန်မီဒီယာများက သတင်းဖော်ပြကြသည်။

AKB48 အဖွဲ့သည် ၎င်းတို့၏ ပေါ်ပြူလာတေးသီချင်းများ၊ အကများဖြင့် ဂျပန်ပရိသတ်များကိုသာမက အင်ဒိုနီးရှား၊ တရုတ်၊ ထိုင်ဝမ်တို့ရှိ ပေါ့ပ်ဂီတချစ်သူပရိသတ်များကိုပါ ဖမ်းစားနိုင်ခဲ့သည့် ပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

အမြန်ရထားများ ပွင့်တန်ဆာမြို့၌ စတင်ရပ်နား

ပွင့်တန်ဆာ မေ ၂၆

မြန်မာ့မီးရထား အမှတ်(၃)အဆန်၊ အမှတ်(၄)အစုန်အမြန်ရထား ပွင့်တန်ဆာမြို့၌ စတင်ရပ်နားခြင်းအခမ်းအနားကို မေ ၂၁ ရက် ည ၈ နာရီ မိနစ်၂၀ က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွင့်တန်ဆာမြို့ မီးရထားဘူတာရုံ၌ ကျင်းပသည်။

ရန်ကုန်မြို့မှ ညနေ ၅ နာရီတွင် စတင်ထွက်ခွာလာသော ရန်ကုန်-မန္တလေး အမှတ်(၃) အဆန် အမြန်ရထားသည် ပွင့်တန်ဆာဘူတာရုံသို့ ည ၈ နာရီ ၁၆ မိနစ်တွင် ရောက်ရှိလာရာ ခရီးသွားပြည်သူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိဟံစိုး၊ ပွင့်တန်ဆာဘူတာရုံပိုင်ကြီး ဦးထွန်းမြင့်၊ အငယ်တန်းအင်ဂျင်နီယာ(ကြေးနန်းအချက်ပြ) ဦးဝဏ္ဏနှင့် တာဝန်ရှိသူများအား ကြိုဆိုကာ သောက်ရေသန့်ဘူးများ၊ လက်ဆောင်ပစ္စည်းများ ဖြန့်ဝေပေးခဲ့ကြသည်။

ပွင့်တန်ဆာမြို့သည် စိုက်ပျိုးရေးကို အခြေခံကာ စီးပွားရေးကောင်းမွန်သော ဒေသတစ်ခုဖြစ်သည်။ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ရှိပြီး ရန်ကုန်-မန္တလေးကားလမ်းမဘေးတွင်တည်ရှိကာ စပါး၊ ပဲ၊ ငါးခြောက်၊ ငါးပိ၊ ဖရဲသီး၊ ငရုတ်၊ ပြောင်း၊ ခရမ်းချဉ်သီးများ ထွက်ရှိသဖြင့် အနယ်နယ်အရပ်ရပ်မှ အမြဲတင်ပို့နေရသော ဈေးကွက်မြို့တစ်ခုဖြစ်သည်။ ယခင်က အဆိုပါ ရထားများရပ်နားခဲ့ခြင်းမရှိသောကြောင့် ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတွင် ဒိုက်ဦးမြို့၊ ညောင်လေးပင်မြို့များသို့ ကား၊ ဆိုင်ကယ်များဖြင့် တစ်ဆင့်သွားရောက်စီးနင်းခဲ့ရသဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းကာ အခက်အခဲများတွေ့ကြုံခဲ့ရသည်။ ယခုအခါ အစိုးရသစ်လက်ထက်တွင် မီးရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ လမ်းညွှန်မှု၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထားမန်နေဂျာ တိုင်းအမှတ်(၆)ရန်ကုန်တို့၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ရန်ကုန်မှ ညနေ ၅ နာရီစတင် ထွက်ခွာသော အမှတ်(၃)အဆန်ရထားနှင့် မန္တလေးမှ နံနက် ၆ နာရီ စတင်ထွက်ခွာသော အမှတ်(၄)အစုန် အမြန်ရထားနှစ်စင်း မေ ၂၁ ရက်မှစတင်ကာ ရပ်နားပေးနိုင်ခဲ့၍ ဒေသခံပြည်သူများ အစုန်အဆန်ခရီးကို စိတ်ချမ်းမြေ့စွာစီးနင်းခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

ဒိုက်ဦးမြို့နယ်၌ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

ဒိုက်ဦး မေ ၂၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘုရားကြီးကွင်းကျေးရွာတွင် Jewellery Luck Group of Companies ၏ကံကောင်းခြင်းရတနာ ပညာရေးဖောင်ဒေးရှင်းနှင့်အတူ ပျဉ်ပုံကြီးကျေးရွာနေ ဦးစိုးကြည်-ဒေါ်ခင်နွဲ့၊ အလှူရှင် JLC Co.,၏ Vice Chairman ဦးသောင်းထိုက်မင်းနှင့်ဇနီး Executive Director ဒေါ်လွင်လွင်မော်တို့က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘုရားကြီးကွင်းကျေးရွာမူလတန်းကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းနှင့် ပညာရေးဌာနသို့ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၅ ရက်က အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးတင်မြင့်၊ ပညာရေးဝန်ကြီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝေ၊ အလှူရှင် ဦးသောင်းထိုက်မင်းတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးငြိမ်းထွန်းကျော်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ ပေ (၇၀× ၃၀) ကျယ်ဝန်းသော RC တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်သော ရေတွင်းရေကန် ၊ သင်ကြားရေးဆိုင်ရာ ပရိဘောဂများ၊ အထောက်အကူပြုပစ္စည်းများ၊ လေးခန်းတွဲအိမ်သာ ခြံစည်းရိုးများပါရှိပြီး ကျပ်သိန်း ၆၀၀ ခန့်ကုန်ကျကြောင်း သိရသည်။

ကျော်ကျော်(IPRD)

စားသောက်ဆိုင်များနှင့် အရောင်းဆိုင်များအတွက်
ကွန်ပျူတာစနစ်သုံး ငွေပေးချေစက်နှင့် ငွေစာရင်းသွင်းစက်များ
POS One Stop and Total Solutions for POS Systems နှင့် ဆက်စပ်ပစ္စည်းများ POS
AZTAM Myanmar Ltd 01-860 4321, 09-25040 2121, 09-4211 33864
contact@aztam.com , www.aztam.com

MYANMAR NEWSWEEK journal

UNITED NATIONS DEVELOPMENT PROGRAMME
Vacancy Announcement – 30/UNDP HR/2014
Title: Front Office Manager
Grade: NO-A Duty Station: Yangon
Closing Date: 8 June 2014

ကိုရင်ပျောက်ဆုံး



ကိုရင် ဥတ္တမ(ခ)ခွန်တထက် လင်းကလရွာနေသူ ပအိုဝ်းလူမျိုးသည် ၂၁-၅-၂၀၁၄ရက်၁၁း၀၀နာရီတွင်တိုင်းရင်းသားကျေးရွာသို့သွားရာမှ သဘော်ကျင်းကားမှတ်တိုင်တွင် ပျောက်သွားပါသဖြင့် တွေ့မြင်က အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၂၀၁၆၃၉၊ ၀၉-၄၉၅၉၂၃၃၄၊ ၀၉-၄၉၃၅၈၂၃၅၊ ၀၉-၇၃၁၉၆၉၈၃

မြေကွက်များဝယ်ယူသည်

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

ပြန်ကြားရေးဝန်ကြီးဌာန
Video-conferencing စက်ပစ္စည်းများဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနနှင့်လက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများတွင် Video-Conferencing စက်ပစ္စည်းများဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို (Turn Key) စနစ်ဖြင့်ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၂၉-၅-၂၀၁၄ ရက်မှ ၂-၆-၂၀၁၄ ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အဖွဲ့ခွဲ(၂)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၆-၂၀၁၄ ရက်နေ့ နံနက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ အဖွဲ့ခွဲ(၂)၊ နေပြည်တော်ရှိတင်ဒါအဖွဲ့များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလ ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါရွေးချယ်မည့်နေ့ရက်မှာ ၁၉-၆-၂၀၁၄ ရက်နေ့၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ ဝန်ကြီးရုံးခန်းမ၊ နေပြည်တော်တွင်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
အဖွဲ့ခွဲ(၂)၊ ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ကမ္ဘာ့ဖလားရင်ခုန်သံ (၁)

အုပ်စု (A) သုံးသပ်ချက်

ဘရာဇီး၊ မက္ကဆီကို၊ ခရိုအေးရှား၊ ကင်မရွန်း

ရှိုင်းမင်းမင်း

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးနီးကပ်လာပြီဖြစ်ရာ လက်ရှိအချိန်တွင် မည်သည့်အသင်း ဗိုလ်စွဲမည်၊ မည်သည့်အသင်းများအုပ်စုကို ကျော်ဖြတ်နိုင်မည်နည်းဆိုသည်များကို ပရိသတ်အနေဖြင့် စိတ်ဝင်စားလျက်ရှိနေသည်။ ထို့ကြောင့် ယခုမှစတင်ကာ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုများကို ပရိသတ်များကြိုတင်လေ့လာနိုင်ရန် အတွက် အုပ်စုတစ်ခုချင်းစီကို သုံးသပ်တင်ပြပေးမည်ဖြစ်ရာ အုပ်စု A ၏ အနေအထားကို ဦးစွာဖော်ပြပေးလိုက်ရပါသည်။

တကယ်တော့ အုပ်စု A သည် ဘရာဇီး ပါဝင်နေခြင်းနှင့်အတူ ပရိသတ်၏စိတ်ကို ညှို့ယူဖမ်းစားထားနိုင်သည့်အုပ်စုဖြစ်သည်။ အထူးသဖြင့် အုပ်စု A တွင် ဘရာဇီးသည် အုပ်စုဗိုလ်စွဲရန် ရေပန်းအစားဆုံးဖြစ်သကဲ့သို့ အုပ်စုတွင်း၌ ကစားသမားအင်အားအပြင် အသင်းလိုက်အနေအထားပါ အတောင့်တင်းဆုံးအသင်းဖြစ်ပေရာ အုပ်စု A သည် အုပ်စုဗိုလ်နေရာအတွက် ပြိုင်ဆိုင်မှုပြင်းထန်နိုင်သည့် သဘောမရှိပေ။ သို့သော် အုပ်စုဒုတိယနေရာအတွက်မူ အသင်းသုံးသင်းအပြိုင်လုရမည့်အနေအထားတွင်ရှိနေသည်။ အထူးသဖြင့် မက္ကဆီကိုနှင့် ခရိုအေးရှားတို့သည် အုပ်စုဒုတိယနေရာအတွက် အဓိကအားပြိုင်ရမည့်သူများဖြစ်သည်။ ဆိုရလျှင် ထိုနှစ်သင်းအနက် ခရိုအေးရှားသည် တိုက်စစ်ပိုင်း၌ လိုအပ်ချက်များရှိနေကာ နည်းပြ၏ ဦးဆောင်မှုအခန်းကဏ္ဍမှာလည်း အတွေ့အကြုံပိုင်း အားနည်းလျက်ရှိသည်။ ခရိုအေးရှားနည်းပြ နီကိုကိုဗာသည် အသက် ၄၀ ကျော်သာရှိသေးသလို အသင်းတစ်သင်းကို ကိုင်တွယ်ခြင်းသည် ပထမဆုံးဖြစ်သည်။ ခြေစစ်ပွဲအတွင်း၌ ခရိုအေးရှားသည် စုစုပေါင်း ၁၀ ပွဲကစားခဲ့ရာ နှစ်ဂိုးရအောင် စွမ်းဆောင်နိုင်သည့်ပွဲမှာ လေးပွဲသာရှိခဲ့သည်မှာလည်း တိုက်စစ်ပိုင်း အားနည်းမှုကို ပြသလျက်ရှိသည်။ ထို့ကြောင့် အသင်းလိုက် ကစားပုံကောင်းမွန်သော မက္ကဆီကိုအား ကျော်ဖြတ်ရန်မှာ ခရိုအေးရှားအတွက် မလွယ်ကူပေ။

ထို့ကြောင့် အုပ်စု A အား သုံးသပ်ကြည့်ပါက ဘရာဇီးနှင့် မက္ကဆီကိုတို့သည် အုပ်စုကိုကျော်ဖြတ်ရန် အလားအလာအကောင်းဆုံးဖြစ်ပြီး မိုဒရစ်၊ ရာကီတစ်၊ ခရန်ဂျာ၊ မန်ဇူကစ်၊ ကာလူကာ၊ ဂျီလာဗစ်၊ အိုလစ်တို့ကဲ့သို့သော ကစားသမားကောင်းများ ရှိနေသည့် ခရိုအေးရှားမှာ ဖျက်မြင်းဖြစ်လာနိုင်ပြီး အီတိုး ကဲ့သို့သော အသက်ကြီးကစားသမားများကို အခြေပြုထားသည့် ကင်မရွန်းမှာမူ အားအနည်းဆုံးဟုသာ သုံးသပ်မိပါသည်။

သင်တန်းသားများ လေ့ကျင့်နေစဉ်။

မိတ္ထီလာတွင် မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲကျင်းပ

မိတ္ထီလာ မေ ၂၆

မိတ္ထီလာမြို့နယ်တွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အသိအမှတ်ပြု ဗန်တိုအောင်သိုင်းပင်မမှ ပို့ချခဲ့သော နွေရာသီမြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သင်တန်းသားများက နိုင်ငံတော်အလံကို အလေးပြုခြင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်အား ဂါရဝပြုခြင်း၊ သိုင်းသစ္စာဆိုခြင်း၊ သိုင်းသစ္စာတော်အား အလေးပြုခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံ သိုင်းပညာပြန့်ပွားတိုးတက်ရေးအဖွဲ့ဝင် ဦးစိုးတင့်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းပညာပြန့်ပွားတိုးတက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုထွေးက မိတ္ထီလာမြို့နယ် သိုင်းဆပ်ကော်မတီအဖွဲ့အား ငွေကျပ် တစ်သိန်း၊ သင်တန်းသားများအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်းဖြင့် ငွေကျပ် ၁၉၀၀၀၀ကိုပေးအပ်သည်။ ထို့နောက် သင်တန်းများက သိုင်းစွမ်းရည်များပြသပြီး မြို့နယ်အားကစားသမား ဒေါ်မျိုးစိမ့်စိမ့်ကျော်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်လှစ်ရခြင်းမှာ တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်သည့် မြန်မာ့ သိုင်းပညာရပ်များအား ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် မိတ္ထီလာမြို့နယ်မှ မြန်မာ့ရိုးရာသိုင်းပညာပြန့်ပွားရေးအဖွဲ့ဝင် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အသိအမှတ်ပြု ဗန်တိုအောင်သိုင်းပင်မက ပို့ချပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ချမှတ်ထားသော (၆၃)မောင်းအားကျင့်စဉ်၊ လက်သီးထိုး ခုခံကာကွယ်မှုစနစ်ပြခြင်း၊ တစ်ကိုယ်တော်ပင်မလက်ရေးပြသခြင်း၊ လက်အတိုက်၊ တုတ်တိုတစ်လက် အဖွဲ့လိုက်၊ တုတ်၊ လက်နက်မဲ့ ခုခံကာကွယ်သောစနစ် စွမ်းရည်၊ တုတ်ရှည်တစ်ကိုယ်တော်စွမ်းရည်၊ ဓားနှစ်လက် အဖွဲ့လိုက်စွမ်းရည်၊ လက်နက်မဲ့၊ ဓားရှည်၊ ဓားဗန်တို အတွဲလိုက်၊ တစ်ကိုယ်တော် ဓားနှစ်လက်စွမ်းရည်ပြသခြင်း လက်နက်မဲ့။ ဓားမြောင်၊ တုတ်ရှည်အတွဲလိုက်၊ တုတ်ရှည်၊ လက်နက်မဲ့ တစ်ကိုယ်တော် လုံရေး၊ ဝိုင်းကြီးထွက်စသည့် သိုင်းပညာရပ်များကို အနာဂတ်လူငယ်များကို လက်ဆင့်ကမ်းနိုင်အောင် သင်တန်းသား သင်တန်းသူ ၃၈ ဦးအား မတ် ၁၀ ရက်မှ မေ ၂၅ရက်အထိ သင်ကြားပြသခဲ့ကြောင်း သိရသည်။

(သိန်းမြင့်ကျော်)

ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် စပိန်အသင်း အပြီးသတ်လူစာရင်းကို မေ ၃၁ ရက်မှသာထုတ်ပြန်မည်

စပိန်အသင်း၏ နည်းပြဗင်းဆင့် ဒယ်လ်ဘော့စကေးသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် စပိန်အသင်း၏ အပြီးသတ် ကစားသမား ၂၃ ဦးစာရင်းကို မေ ၃၁ ရက်မှသာထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် အသင်းပေါင်း ၃၂ သင်းတွင် အသင်းအများစုမှာ အပြီးသတ်ကစားသမား စာရင်းများထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စပိန်အသင်းမှာမူ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရန် နီးကပ်ချိန်နှစ်ပတ်အလိုခန့်မှသာ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး အဓိကအချက်မှာ ချန်ပီယံလိဂ်ဗိုလ်လုပွဲကစားထားကြသည့် ရီးယဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုအသင်းတို့၏ကစားသမားများ ကြံ့ခိုင်မှုအခြေအနေကို စောင့်ကြည့်လိုခြင်းကြောင့် ဖြစ်ကြောင်း ဒယ်လ်ဘော့က ဆက်လက်ပြောကြား သွားခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သော စပိန်အသင်းသည် ယခုနှစ်တွင်လည်း ချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်ရမည်ဖြစ်ပြီး ဒယ်လ်ဘော့က "ကျွန်တော်တို့ဟာ ကမ္ဘာ့ချန်ပီယံဆိုတဲ့ဘွဲ့ကို ကာကွယ်သွားမှာပါ။ ပြိုင်ပွဲမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ မြောက်မြားစွာရှိပေမယ့် ကျွန်တော်တို့အသင်း အခုနှစ်မှာလည်း ချန်ပီယံဘွဲ့ကိုကာကွယ်နိုင်ဖို့အတွက် ဆက်ပြီးကြိုးစားသွားမှာပါ" ဟု ပြောကြားသွားခဲ့သည်။ စပိန်အသင်းသည် မေ ၃၁ ရက်တွင် ဘိုလစ်ဗီးယားအသင်းနှင့် ခြေစမ်းကစားသွားမည်ဖြစ်သည်။

(ကိုရဲ-ရန်ကုန်)

မန်ယူအသင်းနည်းပြသစ် ဗန်ဂါးလ်

မန်ယူအသင်း၏နည်းပြအဖြစ် ဗန်ဂါးလ် ခန့်အပ်ခံရ

အင်္ဂလန် မေ ၂၆

အင်္ဂလန်ထိပ်သီးကလပ် မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စံချိန်တင်ရလဒ်ဆိုးများဖြင့် ကြုံတွေ့ခဲ့ရပြီးနောက် ၎င်းတို့၏နည်းပြဖြစ်သူ ဒေးဗစ်မိုယက်စ်အား ထုတ်ပယ်ခဲ့ပြီး ဟော်လန် အသင်း၏နည်းပြ ဗန်ဂါးလ်ကို ခန့်အပ်ခဲ့သည်။ မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ မပြီးဆုံးခင်ကတည်းက ဗန်ဂါးလ်အားခေါ်ယူမည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ဟော်လန်အသင်း၏ ခြေစမ်းပွဲများကြောင့် ကြန့်ကြာမှုများရှိခဲ့ပြီး မေလနောက်ဆုံးပတ်မှသာ စာချုပ်ချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗန်ဂါးလ်သည် ဟော်လန်အသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးသည်အထိ ကိုင်တွယ်မည်ဖြစ်ပြီး ပြိုင်ပွဲပြီးဆုံးချိန်မှသာ မန်ယူအသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ ဗန်ဂါးလ်သည် ရလဒ်ဆိုးများဖြင့် ရင်ဆိုင်နေရသည့် မန်ယူအသင်းအား သွေးသစ်လောင်းမည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်း၏ ကစားသမား တိုနီကရူးစ်၊ ဆောက်သမ်တန် လူငယ်နောက်ခံလူ လုခ်ရှောတို့ကို ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီး ဒေါ့မွန်ကွင်းလယ်လူ ရီယက်စ်၊ နာပိုလီ တိုက်စစ်မှူး ကာဗာနီ၊ ဆောက်သမ်တန် ကွင်းလယ်ကစားသမား လယ်နာလာတို့ကိုလည်း ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။ မန်ယူအသင်း၏ပိုင်ရှင် ဂလေဇာမိသားစုကလည်း ကစားသမားသစ်များဝယ်ယူရန် ပေါင် သန်း ၂၀၀ ခန့် သုံးစွဲသွားမည်ဖြစ်ကြောင်း မန်ယူပရိသတ်များကို ကတိပြုခဲ့သည်။

(ကိုရဲ-ရန်ကုန်)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ခုံးကျော်တံတား ချောင်းကူးတံတားများ တည်ဆောက်ရေးအတွက် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) မြေနီကုန်းလမ်းဆုံ ခုံးကျော်တံတား

- တံတားအရှည်(၆၅၀) မီတာ၊ (၂၁၃၂. ၆၅)ပေ
- တံတားအကျယ် (၁၄. ၅)မီတာ၊ (၄၇. ၆)ပေ

(ခ) ဒေါပုံမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ် ဆက်သွယ်သည့် ငမိုးရိပ်ချောင်းကူး တံတား

- တံတားအရှည် (၃၀၀)မီတာ၊ (၉၈၄. ၃)ပေ
- တံတားအကျယ် (၁၂)မီတာ၊ (၄၀)ပေ
- ယာဉ်သွားလမ်းအကျယ်(၂၈)ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် (၆)ပေ

၂။ တံတားတစ်ခုချင်းစီတွင် အောက်ပါအချက်များပြည့်စုံရမည်-

Minimum Lane Width	=	12feet (3.7m)
Vertical Clearance	=	16feet(4.9m)
Maximum Grade	=	4% to 4.5%
Pavement Sloping	=	at least 2.5%
Minimum Design Speed	=	50 mph
Median	=	Cable medial
Minimum Number of Lanes	=	Two Lanes in each direction
Movable Design Load	=	75 Tons

Fire-Proofing Must Be Considered

၃။ တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်း အဆိုပြုလွှာ(TECHNICAL PROPOSAL)နှင့် ဈေးနှုန်းအဆိုပြုလွှာ (FINANCIAL PROPOSAL)တို့အား တံတားတစ်ခုချင်းစီအလိုက် သီးခြားစီချိပ်ပိတ်၍ ၃၀-၆-၂၀၁၄ ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးထံသို့ တင်သွင်းရမည်။

၄။ သတ်မှတ်ထားသော နည်းပညာ၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ကုမ္ပဏီများ၏ အဆိုပြုလွှာများအား အများရှေ့မှောက်၌ဖွင့်လှစ်၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအား ရွေးချယ်ပါမည်။ လျှောက်လွှာတင်သွင်းရာတွင် တံတားတစ်ခုချင်းစီအတွက် စိတ်ဝင်စားကြေး ကျပ်သန်း(၁၀၀၀)ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခြင်းမရှိပါက စိတ်ဝင်စားကြေးအား ပြန်လည်ထုတ်ပေးပါမည်။ တင်ဒါဆိုင်ရာ ကိစ္စရပ်များအား ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်မေးမြန်းနိုင်ပါသည်။

၅။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄ခုနှစ်၊ ဇွန်လတွင် ကျင်းပပြုလုပ်မည့် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ရေးအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်း/ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်/ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ဝင်ခွင့်ကတ်ထည့်ရန်အိတ်/ကြိုးများ	(၁)မျိုး
(ခ)	စာရွက်စာတမ်းများနှင့်ကတ်တလောက်စာအုပ်များထည့်ရန်အိတ်	(၁)မျိုး
(ဂ)	ရတနာကုန်သည်များလိုက်နာရန်စည်းကမ်းချက်စာအုပ် (မြန်မာ၊ အင်္ဂလိပ်)	(၃)မျိုး
(ဃ)	လက်ကမ်းကြော်ငြာ(မြန်မာ၊ တရုတ်)	(၁) မျိုး
(င)	ကတ်တလောက်စာအုပ်	(၃) မျိုး
(စ)	ဗီနိုင်းပိုစတာရိုက်နှိပ်ခြင်း၊ ပြုလုပ်တပ်ဆင်ခြင်း	(၂) မျိုး
(ဆ)	ကျောက်စိမ်းတွဲများ မှတ်တမ်းဓာတ်ပုံနှင့် လှုပ်ရှားမှုဓာတ်ပုံ ရိုက်ကူးခြင်း	(၁) မျိုး
(ဇ)	စာရေးကိရိယာ	(၈၂) မျိုး
(ဈ)	ကွန်ပျူတာဆက်စပ်ပစ္စည်း၊ Copier Toner & Printer Toner	(၁၈) မျိုး

၂။ တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂၆-၅-၂၀၁၄ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၃-၆-၂၀၁၄ရက်၊ ၁၆း၀၀ နာရီ

၄။ တင်ဒါဖွင့်ဖောက်မည့်ရက် - ၄-၆-၂၀၁၄ရက်၊ ၁၃း၀၀ နာရီ

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)၊ ဖုန်း-၀၆၇-၄၁၄၈၁၈ နှင့် ၀၆၇-၄၁၄၉၀၄ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

မိတ္ထီလာ ပညာရေးကောလိပ်ဝင်းအတွင်း လက်တော့ပ်နှင့် ပစ္စည်းများခိုးယူမှုဖြစ်ပွား

မိတ္ထီလာ မေ ၂၆

မိတ္ထီလာမြို့ ပညာရေးကောလိပ်ဝင်းတွင် မေ ၂၅ ရက်က ဝန်ထမ်းအိမ်ရာလိုင်းခန်း၌ နေထိုင်သူတစ်ဦး၏ လက်တော့ပ်နှင့်ပစ္စည်းများ ခိုးယူခံရ၍ သက်ဆိုင်ရာရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပညာရေးကောလိပ်ဝင်းအတွင်းလေးခန်းတွဲ လိုင်းခန်းအနောက်ဘက် အစွန်ဆုံးအခန်းတွင် နေထိုင်သူဒေါ်စန်းစန်းနွယ် နည်းပြဆရာမ(၅၀)နှစ်သည် မေ ၂၃ ရက်က ကူမဲမြို့သို့ သွားရောက်ခဲ့ပြီး မေ ၂၅ရက် မွန်းတည့် ၁၂ နာရီက ပြန်ရောက်ရာ အခန်းတွင်းရှိ လက်တော့ပ်တစ်လုံး၊ ဒစ်ဂျစ်တယ် မီးဖိုတစ်လုံး၊ ဂက်စ်မီးဖိုတစ်လုံး၊ နိုကီရာဟန်းဆက် အနက်ရောင်တစ်လုံး၊ လက်ဆွဲအိတ်အမာ စိမ်းပြာတစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ခုနစ်သိန်းကိုးသောင်းငါးထောင်ခန့် ခိုးယူခံရကြောင်းတွေ့ရှိရသည်ဟု ဆိုသည်။

အမှုနှင့်ပတ်သက်၍ဒေါ်စန်းစန်းနွယ်က ပစ္စည်းများခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် အမှုဖွင့်တိုင်ကြားသဖြင့် မြို့မရဲစခန်းက (ပ) ၂၈၉ / ၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **၅၇၉**

နေ့စားလပေးအောင်စာရင်းသွားကြည့်သည့်မိန်းကလေး ကားကြိတ်ခံရ၍သေဆုံး

ဆွာ မေ ၂၆

ရေတာရှည်မြို့မြောက်ဘက် မယ်ဒက်ကယ်ဘုရားလမ်းနှင့် ကားလမ်းဆုံနေရာတွင် မေ၂၅ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က အမျိုးသမီးနှစ်ဦး စီးနင်းလာသည့် ဆိုင်ကယ်က ကားလမ်းအတိုင်းမောင်းနှင်လာသော ၁၀ ဘီးကုန်တင်ယာဉ်ကိုဝင်တိုက်မိရာမှ ဆိုင်ကယ်နောက်တွင် စီးနင်းလိုက်ပါလာသူ ကားကြိတ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့နယ် ပညာရေးမှူးရုံးတွင် နေ့စားလပေးဆရာမစာမေးပွဲ အောင်စာရင်းကြည့်ရန် ဒိုးတန်းကျေးရွာတွင် နေထိုင်သည့် မဝေဝေထွန်း(၂၃)နှစ် မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ မမြသက်ချို(၂၆)နှစ် လိုက်ပါလာသည့် ၉ယ/---ဆိုင်ကယ်သည် မယ်ဒက်ကယ်ဘုရား-ရေတာရှည်လမ်းအတိုင်းမောင်းနှင်လာစဉ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၉၂/၇ နှင့် ၁၉၃/၀ အကြား လမ်းဆုံအရောက် ဝဲဘက်ကိုချိုးကွေ့ရာ ကားလမ်းအတိုင်း မြောက်မှတောင်သို့ ကျော်လှ(၃၅)နှစ် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့နေသူ မောင်းနှင်လာသည့် 3B/--- အစိမ်းရောင် ၁၀ ဘီးကုန်တင်ယာဉ်ကို ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် နောက်တွင်လိုက်ပါလာသူ မမြသက်ချိုမှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ ကား၏နောက်ဘီးဖြင့်ကြိတ်မိပြီး ယာခြေထောက်ကျိုး၊ ခါးပွန်းပဲ့ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။ ဆိုင်ကယ်မောင်းနှင်သူ မဝေဝေထွန်းတွင် ယာလက်မောင်းနှင့် ဝဲလက်တံတောင်ဆစ်ပွန်းပဲ့ဒဏ်ရာများရရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းက ယာဉ်(ပ)၂၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၈/၃၀၄-က ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ဘားအံမြို့ ယန္တရားဝင်းဟောင်း၌ မီးလောင်

ဘားအံ မေ ၂၆

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်း ယန္တရားဝင်းဟောင်း၌ မေ၂၄ ရက် နံနက် ၁၀ နာရီ ၄၆ မိနစ်က ကားမီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ဘားအံမြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်စက်ယာဉ်တစ်စီး ပေါင်းနှစ်စီးဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ဦး၊ ဘားအံမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးစိုးဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၁၀နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်ရခြင်းမှာ ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်း ယန္တရားဝင်းဟောင်းရှိ ဦးစောဒေးဗစ်၏ ဝပ်ရှော့ရုံ၌ ယာဉ်ပိုင်ရှင် တပ်ကြပ်မြင့်ဆွေ(ငြိမ်း)၏ ဆူဇူကီးအမျိုးအစား (အဖြူရောင်) 9F/ ---- မော်တော်ယာဉ်အား ဂီယာဘောက်ပြုပြင်ရာတွင် နတ်ဖြုတ်မရသဖြင့် ဝရိန်ဆော်၍ ဖြုတ်ရာမှဆီတိုင်ကီသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုကြောင့် မော်တော်ယာဉ် ခေါင်းပိုင်းအနည်းငယ်၊ နောက်ပိုင်းအမိုး၊ နောက်တာယာနှစ်လုံးနှင့် ကားအောက်ပိုင်းတို့မီးလောင်ကျွမ်းခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

■

ပခုက္ကူတွင် တရားမဝင်သယ်ဆောင်လာသည့် သစ်များဖမ်းမိ

ပခုက္ကူ မေ ၂၆

ပခုက္ကူသစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ကျော်ဦးဆောင်သည့်အဖွဲ့နှင့် တံတားလုံခြုံရေး ရဲတပ်ဖွဲ့ပူးပေါင်းအဖွဲ့သည် မေ၂၄ ရက် မွန်းလွဲ ၂ နာရီက ဧရာဝတီတံတား (ပခုက္ကူ)တွင် ဖောကားအပြာရောင်(၆)ဘီးယာဉ်အား ရှာဖွေရာ ယာဉ်မောင်း အောင်ကျော်ဝင်း ကြက်မောက်ရွာ မြိုင်မြို့နယ်နေသူနှင့် ယာဉ်နောက်လိုက် ဝင်းမြင့်၊ ချမ်းငြိမ်းအောင်တို့နှင့်အတူ တရားမဝင်သစ်များ သယ်ဆောင်လာသည့်သစ်၊ ပိတောက်ဒါးရှွေ လေးတုံး (၂ ဒသမ ၈၂၃၈) တန်၊ ကာလတန်ဖိုး ၇၅၀၀၀၀ ခန့်အား သိမ်းဆည်းရမိခဲ့သဖြင့် ဦးတင်ကျော်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ တရားမဝင်သစ်များအားခွင့်ပြုချက်မရှိဘဲသယ်ဆောင်လာသူ အောင်ကျော်ဝင်း၊ ဝင်းမြင့်၊ ချမ်းငြိမ်းအောင်တို့အား ပခုက္ကူမြို့မရဲစခန်းက (ပ)၁၅၂ / ၂၀၁၄၊ သစ်တောဥပဒေပုဒ်မ ၄၃(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

ရွှေထည်ပစ္စည်းနှင့်ငွေများ လုယူထွက်ပြေးမှုဖြစ်ပွား

နတ်မောက် မေ ၂၆

နတ်မောက်မြို့နယ် ရှမ်းကုန်းရွာနေ ဦးသံဒိုးသည် မေ ၂၄ ရက် နံနက် ၁၀ နာရီက နတ်မောက်မြို့ ဈေးရပ်ကွက် စည်ပင်သာယာဈေးအရှေ့ဘက်ရှိ ဆွေနွယ် စတိုးဆိုင်ရှေ့တွင်ရှိနေစဉ် အမည်မသိလူနှစ်ဦးက ၎င်းတို့တွင် ပါလာသည့် ၁၁၀ အနက်ရောင်ဆိုင်ကယ်ဖြင့် မြို့ အထွက်သို့ လိုက်ပို့ပေးရန် ပြောသဖြင့်၎င်းတို့ပါလာ သည့် ဆိုင်ကယ်ဖြင့် သုံးယောက် စီး၍နတ်မောက်-ပျော်ဘွယ် ကားလမ်းအတိုင်းမောင်းနှင်လာရာ မရိုးတောရွာတောင်ဘက် တစ်မိုင်ခန့်အရောက်တွင် ဆိုင်ကယ်ကို ရပ်၍စကားပြောနေစဉ် အမည်မသိလူနှစ်ဦးက ၎င်း၏လည်ပင်းတွင်ဝတ်ဆင်ထားသည့် ငါးမူးသားခန့်ငါးရုပ်ပုံ ရွှေလော့ကတ်သီးပါ ဆွဲကြိုးတစ်ကုံး၊ လက်တွင်ဝတ်ဆင်ထားသည့် တစ်မတ်သားခန့် လက်စွပ်တစ်ကွင်း၊ ကျောပိုးအိတ်အတွင်းမှ ငွေ ၅၀၀၀ တန်လေးရွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀ ခန့်အား ဖြုတ်ယူ၍ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားသဖြင့် အဆိုပါလုယူထွက်ပြေးသွားသူ နှစ်ဦးအားစုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဦးသံဒိုးက တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် နတ်မောက်မြို့ မြို့မရဲစခန်းက(ပ)၈၈/၂၀၁၄၊ပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

ဓာတ်ဆီဘူးလဲလှယ်ရာမှ မီးလောင်မှုဖြစ်ပွား

ကသာ မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မန်အင် - မင်းကုန်းအုပ်စု အရှေ့ကုန်းရွာ နောင်ရောရွှေမှော်ဈေးတန်း၌ မေ ၂၃ ရက် နံနက် ၈နာရီက ဦးဝိုင်းအောင် (၅၈)နှစ် ထရံကာ သွပ်မိုး တစ်ထပ်အဆောက်အအုံ ဈေးဆိုင်ခန်းမှ ဓာတ်ဆီပုံးလဲလှယ်ရာ အက်စစ်ဓာတ်မပျယ်သေးသည့် အိုးအဟောင်းသို့ လဲလှယ်မိ၍ မီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လူနေအိမ်နှင့် ဈေးဆိုင် ၁၃ လုံး လောင်ကျွမ်းခဲ့ပြီး ပြည်သူများ၏ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၉ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဌ ဦးပြည့်ဖြိုးငြိမ်းနှင့် ဌာနဆိုင်ရာများ သွားရောက်ကြပြီး မီးဘေးသင့်ပြည်သူများအား နောင်ရောဈေးတန်း ဓမ္မာရုံ၌ ယာယီစခန်းဖွင့် လှစ်နေရာချထားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့သည်။ ဦးဝိုင်းအောင်အား ရွှေတော်ရဲစခန်းမှ ရဲကင်းမှူး တပ်ကြပ်ကြီး တင်အောင်ဝင်းက တရားလိုပြုလုပ်ကာ မြို့နယ်ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

မီးဘေးရှောင် မလောင်ခင်တား



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်နေ
(ဦးကျော်ဟန်)-ဒေါ်စန်းလှတို့၏သား
ဗိုလ်ကြီး/ဗိုလ်မှူးထွန်းဇော်မင်း
M.C.Sc (DSA)
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးအိမ်ရာနေ
ဦးဇော်လင်း-ဒေါ်တိုးတိုးမာတို့၏သမီး
မမေမြတ်ခိုင်
M.C.Sc (UCSY),DIR(YU)

တို့သည် ၂၄-၅-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ တရားဝင်စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီး/ဗိုလ်မှူးထွန်းဇော်မင်း-မမေမြတ်ခိုင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း/ ပြင်ထိန်း)ရန်ပုံငွေဖြင့် အဆောက်အအုံ၊ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ ဝယ်ယူလိုသည့်ပစ္စည်းအသေးစိတ်စာရင်းများကို ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံများကို ဘောလခဲခရိုင် အင်ဂျင်နီယာမှူးရုံး(ဖုန်း-၀၈၃-၅၀၁၀၂)တွင် ၂၇-၅-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာပိတ်ရက်၊ အချိန်	-	၆-၆-၂၀၁၄ရက်၊ ၁၆း၃၀နာရီ
တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်	-	၉-၆-၂၀၁၄ရက်၊ ၁၆း၃၀နာရီ
တင်ဒါရွေးချယ်မည့်ရက်၊ အချိန်	-	၁၀-၆-၂၀၁၄ရက် ၉း၀၀နာရီ
တင်ဒါရွေးချယ်မည့်နေရာ	-	ဘောလခဲခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး။

တင်ဒါစိစစ်ရေးကော်မတီ



ယာဉ်မောင်းသူများသတိပြုရမည့် ယာဉ်မီးလောင်မှုအန္တရာယ်

ဆောင်းပါး

à vij;ull

စာရေးသူတို့ ငယ်စဉ်ကကြည့်ရှုခဲ့ရသော ရုပ်ရှင်ဇာတ်ကားများနှင့် နိုင်ငံရပ်ခြားမှ သတင်းများတွင် မော်တော်ယာဉ်များ ယာဉ်တိုက်မှုဖြစ်ပွားခြင်း၊ တိမ်းမှောက်ခြင်းများဖြစ်ပွားပါက မီးလောင်ပေါက်ကွဲလေ့ရှိကြောင်း ကြားမြင်သိရှိ ခဲ့ရပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ဖြစ်ပွားသော ယာဉ်တိုက်မှု၊ ယာဉ်ချောက်ထဲထိုးကျမှု၊ ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်များတွင် မီးလောင်သည်ဟူ၍ ကြားသိခဲ့ခြင်းမရှိပေ။

သို့သော်လည်း ယခုအခါတွင် မြန်မာနိုင်ငံ၌လည်း မော်တော်ယာဉ်မီးလောင်မှုများစွာကို တွေ့ကြုံကြားသိနေရပြီဖြစ်ပါသည်။ ဓာတ်ဆီဆိုင်များတွင် ဆီဖြည့်စဉ်မီးလောင်ခြင်း၊ ယာဉ်မောင်းနှင်နေစဉ်၊ ယာဉ်ရပ်နားထားစဉ် အလိုအလျောက် မီးလောင်ခြင်း၊ ယာဉ်တိုက်မှုဖြစ်ပြီး မီးလောင်ခြင်း၊ ယာဉ်တိမ်းမှောက်ရာမှတစ်ဆင့် မီးလောင်ခြင်းစသဖြင့် မီးလောင်မှုမျိုးစုံကို ကြားသိနေရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုဖြစ်ပွားသောအခါ၌ အခြားနိုင်ငံများနည်းတူ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းအား လေ့လာသောအခါတွင် ယာဉ်မောင်းနှင်ရာတွင် အသုံးပြုရသော လောင်စာဆီ ပြောင်းလဲလာသောကြောင့် ဖြစ်ပွားလာကြောင်း တွေ့ရှိရပါသည်။

ယာဉ်မောင်းနေစဉ် အချိန်၌ယာဉ်နှင့် . . .

မြန်မာနိုင်ငံတွင် ယခင်က အစိုးရရေနံချက်စက်ရုံများမှ ထုတ်လုပ်ဖြန့်ချိသော ဓာတ်ဆီများကိုသာ အသုံးပြုခဲ့သော်လည်း ယခုအချိန်တွင်မူ အခြားနိုင်ငံများနည်းတူ Octane 92 Ron, 95 Ton စသည့်ဆီများကို အသုံးပြုလာကြသည်ကို တွေ့ရှိရပါသည်။ ထိုလောင်စာဆီများမှာ အထူးသဖြင့် အေးသောနိုင်ငံများတွင် အင်ဂျင်ပေါက်ကွဲအားကောင်းအောင် အသုံးပြုသောဆီများဖြစ်ပြီး ယာဉ်မတော်တဆမှုများဖြစ်သောအခါ မီးလောင်လွယ်ကြောင်း သိရှိခဲ့ရပါသည်။ ထို့ကြောင့် ဥရောပမှ ထုတ်သောကား များတွင် မီးလောင်ခြင်းမှ ကာကွယ်ရန် လောင်စာဆီကြောင့် လောင်သောမီးကို ထိရောက်စွာငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများ ထည့်ပေးလိုက်သည်ကို တွေ့ရှိရပါသည်။

၎င်းအပြင် မော်တော်ယာဉ်အား သတ်မှတ် ကီလိုမီတာပြည့်အောင် မောင်းနှင်ပြီးတိုင်း ကွံခိုင်ရေး(Servicing) သို့ပို့ရာတွင် မော်တော်ကားဝပ်ရှော့မှ ထိုမီသတ်ဆေးဘူး သက်တမ်း လွန်-မလွန်၊ ကောင်း-မကောင်းတို့အား အထူးအလေးထားစစ်ဆေးသည်ကို သိရှိရပါသည်။ ထို့အပြင် မော်တော်ယာဉ်အား အာမခံထားရာတွင်လည်း မီးသတ်ဆေးဘူး ပါရှိခြင်း ရှိ- မရှိနှင့် ထားရှိသောမီးသတ်ဆေးဘူးအမျိုးအစားကိုလိုက်၍ အာမခံပရီမီယံကြေးအနည်းအများကို ညှိနှိုင်းခဲ့ရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အသုံးပြုမောင်းနှင်လျက်ရှိသော ယာဉ်အားလုံးတွင် လောင်စာဆီမီးလောင်ခြင်းကို ငြိမ်းသတ်နိုင်စွမ်းရှိသော ဓာတုဗေဒဆေးမှုန့်ပါ မီးသတ်ဆေးဘူးများအား လုံလောက်စွာထားရှိရန် လိုအပ်သကဲ့သို့ မီးသတ်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ကဲ့သို့ တာဝန်ရှိသောဌာနဆိုင်ရာများအနေဖြင့်လည်း မော်တော်ယာဉ်များ၌ မီးသတ်ဆေးဘူး ပါ- မပါအား တင်းကျပ်စွာ စစ်ဆေးအရေးယူရန် လိုအပ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ယခုနှစ်၌ ပို၍ပူပြင်းခြောက်သွေ့လာသဖြင့် ယာဉ်များမောင်းနှင်စဉ်၊ ရပ်နားထားစဉ်တို့တွင် အလိုအလျောက် မီးလောင်မှုများ မကြာခဏဖြစ်ပွားနေပါသည်။ ၎င်းဖြစ်စဉ်များအား လေ့လာကြည့်ပါက မော်တော်ယာဉ်အင်ဂျင်စက်ခန်းများ အပူချိန်မြင့်တက်လာချိန်တွင် ဆီပိုက်များယိုစမ့်ခြင်း၊ အင်ဂျင်ခန်းသန့်ရှင်းမှုမရှိခြင်းတို့ကြောင့် အင်ဂျင်ခန်းရှိ ဆီချေးများ၊ ဖုန်များမှတစ်ဆင့် လောင်ကျွမ်းမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် မော်တော်ယာဉ်များ၏ အင်ဂျင်ခန်းများအတွင်း သန့်ရှင်းမှုရှိစေရေး ဆီပိုက်များ ယိုစိမ့်မှုမရှိစေရေးအတွက် အလေးပေးဆောင်ရွက်ထားကြရန် လိုအပ်ပါသည်။ အဓိကအရေးအကြီးဆုံး အချက်မှာ ယာဉ်မောင်းများ၏ အခန်းကဏ္ဍဖြစ်ပါသည်။ ယာဉ်မောင်းများအနေဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန်အတွက် သတ်မှတ်မိုင်နှုန်းအတိုင်း ဂရုတစိုက်မောင်းနှင်ခြင်း၊ ယာဉ်မောင်းနေစဉ်အချိန်၌ ယာဉ်နှင့်လမ်းအခြေအနေကို အခါမလပ် ဂရုစိုက်သတိထားခြင်း၊ ဖုန်းစကားပြောခြင်း၊ သီချင်းနားထောင်ခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်သေစာသောက်စားခြင်း၊ လက်တစ်ဖက်တည်းဖြင့် မောင်းနှင်ခြင်း (အချို့ယာဉ်မောင်းများသည် ယာဉ်မောင်း နှင်နေချိန်၌ ကလေးငယ်များအား စတီယာရင်နောက်တွင်ချီပြီး ပေါင်ပေါ်တင်ကာ မောင်းနှင်လေ့ရှိသည်) တို့ကို ရှောင်ရှားရန်လိုအပ်ပါသည်။ သို့မှသာ ယာဉ်မတော်တဆမှုမှတစ်ဆင့် ဖြစ်ပွားလာမည့် မီးလောင်မှုဖြစ်စဉ်များကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်မီးလောင်မှုမှတစ်ဆင့် နိုင်ငံတော်၏ပိုင်ဆိုင်မှု (Assets)များ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရန်နှင့် နိုင်ငံသားများ သေကျေဒဏ်ရာရမှုမှ ကာကွယ်နိုင်ရန်အတွက် ယာဉ်မီးလောင်မှုအန္တရာယ်အား ယာဉ်မောင်းများနှင့်အတူ အလေးထား ကာကွယ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရန်ကင်းသာကမ်းခြေအား ယခုနှစ်ဒီဇင်ဘာလအထိ ရပ်နားထား

ညောင်တုန်း၊ မေ ၂၆

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့ရှိအပန်းဖြေစခန်းတစ်ခုဖြစ်သော ရန်ကင်းသာ (ညောင်ချောင်းသာ)ကမ်းခြေရေချိုးဆိပ်အား မြစ်ရေ ပြန်လည်ကျ၍ သောင်ပြန်ပေါ်ထွန်းချိန်ဖြစ်သည့် ယခုနှစ် ဒီဇင်ဘာလထိ ရပ်နားထားမည်ဖြစ်ကြောင်း ရန်ကင်းသာကမ်းခြေမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"မိုးရာသီဆို ကျွန်တော်တို့ ဘယ်လိုမှ လုပ်လို့မရတော့ပါဘူး။ ရေတက်လာရင် ဒီသောင်ကမြုပ်သွားပြီး ဧရာဝတီမြစ်ရေပြန်ကျမှ သောင်ကပြန်ပေါ်လာတာပါ။ ဒီသောင်ပြန်ပေါ်မှ ရေချိုးဆိပ်နဲ့ ဆိုင်ခန်းတွေပြန်လည်လုပ်ကိုင်နိုင်မှာပါ။အခု ဧရာဝတီမြစ်ရေ ပြန်တက်လာပြီး သောင်မြုပ်နေလို့ ရေချိုးဆိပ်ကို ရပ်နားလိုက်ရတာပါ" ဟု ရန်ကင်းသာကမ်းခြေ ကြီးကြပ်ရေးကော်မတီမှ ဥက္ကဋ္ဌဦးဝင်းကြည်က ပြောသည်။

လက်ရှိအချိန်တွင် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာနေရာတွင် ရှိသော ရန်ကင်းသာကမ်းခြေ၏ အနိမ့်ဆုံးအပိုင်းတွင် ယခင်ထက် မြစ်ရေငါးပေခန့်နှင့် အမြင့်ဆုံးအပိုင်းတွင် နှစ်ပေခန့် မြင့်တက်လာပြီး နှစ်စဉ် မြစ်ရေတက်မှုနှုန်းမှာပုံမှန် ၂၃ ပေကျော်ရှိကာ ထိုပုံမှန်မြစ်ရေတက်ရန် နောက်ထပ် ၁၅ ပေခန့် မိုးရာသီအတွင်းမြစ်ရေတက်လာနိုင်မည်ဟုလည်း ခန့်မှန်းထားသည်။

ထိုသို့ မြစ်ရေ မြင့်တက်လာမှုကြောင့် ရန်ကင်းသာ ကမ်းခြေ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများမှ ဒေသခံများနှင့် လာရောက်အပန်းဖြေမည့်သူများ ဘေးအန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပွားနိုင်စေရန်အတွက် ကမ်းခြေကူးတံတားအား မေ ၂၂ ရက်တွင် ဖျက်သိမ်းသကဲ့သို့ ဈေးဆိုင် ၅၀ ကျော်မှလုပ်ကိုင်နေသော ဒေသခံများအား စာထုတ် အသိပေး၍ မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဆိုင်ခန်းများ ပြန်လည် ဖျက်သိမ်းရန် နှိုးဆော်ထားခဲ့ကြောင်း သိရသည်။

"လာမယ့် ဒီဇင်ဘာလဆိုရင်တော့ ရန်ကင်းသာကမ်းခြေနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်နိုင်ဖို့နဲ့ ရေချိုးဆိပ်၊ ဆိုင်ခန်းတွေ ပြန်ဆောက်နိုင်ဖို့ ပြန်နေရာချထားပေးမှာဖြစ်ပါတယ်။ ရပ်နားထားတာတွေ ပြန်အစပျိုး နိုင်မှာပါ" ဟု ရန်ကင်းသာကမ်းခြေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ရှိ ရန်ကင်းသာရေချိုးဆိပ်ကမ်းခြေတွင် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချ လုပ်ကိုင်နေသော ဒေသခံများမှာ တစ်နှစ်ပတ်လုံး ကြိုတင်ပြင်ဆင်၍ လုပ်ကိုင်ရောင်းချရာတွင် ရောင်းချနိုင်ချိန်မှာ ငါးလခန့်သာရှိကြောင်း သိရသည်။

စိုးအောင်ဖေ

ကုန်ကားရှားပါး၍ပို့ကုန်များပေါ်များနေခြင်းကြောင့် ရန်ကုန်–မူဆယ်ကားခနှုန်းထား ဈေးမြင့်တက်

ရန်ကုန်၊ မေ ၂၆

ရန်ကုန်ရှိ မန္တလေး-မူဆယ် ကားဂိတ်များတွင် ကုန်ကားရှားနေချိန် ရန်ကုန်မှ မူဆယ်ဈေးကွက်သို့ ဆန်တင်ပို့မှုများလာသဖြင့် ဆန်တစ်တန် ကားခနှုန်းထား ကျပ် ၈၈၀၀၀၊ ၉၀၀၀၀ နှုန်းသို့ မေ ၂၄ ရက်က စတင်မြင့်တက်လာသည်ဟု ကားဂိတ်များနှင့် ဆန်တင်ပို့သူများက ပြောသည်။

ရန်ကုန်မှ မန္တလေးသို့ အောက်ခံကုန်တစ်ပိဿာ ကားခနှုန်းထား ၇၀၊ ၇၂ ကျပ်၊ မန္တလေးမှမူဆယ်သို့ ကားခ တစ်ပိဿာ ၇၅ ကျပ်၊ မန္တလေးမှ ရန်ကုန်သို့ ကားခနှုန်း တစ်ပိဿာ ၃၀၊ ၃၂ ကျပ်နှုန်းရှိရာ မန္တလေးမှ ရန်ကုန်အဆင်း ပို့ကုန်ရှားနေသောကြောင့် မြစ်ဝကျွန်းပေါ်ဒေသမှ ရေလမ်းခရီးဖြင့် မန္တလေးသို့ ရောက်ရှိသည့် ဆန်အိတ်များ မူဆယ်သို့ ဆက်လက်တင်ပို့မှုရှိပြီး ရန်ကုန်-မန္တလေး ခရီးထက် မန္တလေး-မူဆယ်ခရီးတွင် လမ်းတံတားကြေးသက်သာသဖြင့် ယင်းခရီးတွင် ကုန်ကားပြေးဆွဲမှုများလာကာ ရန်ကုန်ရှိ မန္တလေး-မူဆယ်ကားဂိတ်များတွင် ကုန်ကားများ ရှားနေရခြင်းဖြစ်သည်ဟု ဂိတ်တာဝန်ခံတစ်ဦးက ပြောသည်။

မေလ ဒုတိယပတ်အတွင်း ရန်ကုန်-မူဆယ်ခရီးစဉ်တွင် ဆန်တစ်တန် ကားခနှုန်းထား ၇၃၀၀၀၊ ၇၅၀၀၀ ကျပ်နှုန်းရှိခဲ့ရာမှ ဈေးနှုန်းမြင့်တက်လာသော်လည်း ပုံမှန်တင်နေကျ ဆန်ကုန်စည်များအား ကားခဈေးနှုန်း အနည်းငယ် လျှော့ပေးကြောင်း၊ ယခုလပိုင်းတွင် မြစ်ဝကျွန်းပေါ် ဒေသများသို့ မူဆယ်တင်ပို့ရန် ကုန်စည်များ တိုက်ရိုက် ဆင်း၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

ထိုသို့ တိုက်ရိုက်ဆင်း၍ ဝယ်ယူထားသော ကုန်များအား ရေလမ်းခရီးဖြင့် မန္တလေးသို့တင်ပို့ပြီး မန္တလေးမှ မူဆယ်သို့ ကားလမ်းခရီးဖြင့် တင်ပို့ရာ ရန်ကုန်မှတစ်ဆင့် မူဆယ်သို့တင်ပို့ခြင်းထက် သယ်ယူပို့ဆောင်စရိတ် သက်သာမှုရှိသည်ဟု သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသမှ တိုက်ရိုက် ရေလမ်းခရီး၊ ကားလမ်းခရီး နှစ်ဆင့် တင်ပို့ခြင်းသည် ယင်းဒေသမှ ရန်ကုန်၊ ရန်ကုန်မှ မူဆယ်သို့ ဆက်လက်တင်ပို့ခြင်းထက် သယ်ယူပို့ဆောင်စရိတ်သက်သာကြောင်း၊ မိုးရာသီဖြစ်သောကြောင့် မြစ်ကြောင်း ခရီးသွားလာမှု လွယ်ကူလာကြောင်း၊ ရန်ကုန်-မူဆယ် ကားခဈေးနှုန်း မြင့်တက်လာသကဲ့သို့ ရန်ကုန် ဆန်ဈေးကွက်တွင် နွေဆန်ကြမ်း တစ်အိတ်လျှင် ၁၇၀၀၀၊ ၁၇၂၀၀ ကျပ် နှုန်းသို့ မြင့်တက်လာကြောင်း ဆန်ကုန်သည်တစ်ဦးက ပြောသည်။

မောင်စေအောင်

ညောင်ဦးရှိ ကျေးလက်အချို့တွင် မိုးရေမရ၍ မြေပဲစိုက်ပျိုးချိန်မမီမည်ကိုစိုးရိမ်

ညောင်ဦး၊ မေ ၂၆

ညောင်ဦးမြို့နယ်တွင် မေ ၂၃ ရက်တွင် ကွက်ကျားမိုးရွာပြီးနောက် ခြောက်လပဲခေါ် မြေပဲကြီးများကို တောင်သူများ စတင်စိုက်ပျိုးနေပြီဖြစ်သော်လည်း မိုးမရသည့် ကျေးလက်ဒေသများတွင် စိုက်ပျိုးနိုင်ခြင်းမရှိသေးကြောင်းသိရသည်။

"ကျွန်တော်တို့ရွာတော့ မိုးတော်တော်သည်းပါတယ်။ မိုးသည်းတဲ့အတွက် အခုလို ပဲကြီးတွေကြဲတာပေါ့။ ဒါပေမယ့် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်း အနောက်ဘက် သန့်စင်ကြယ်ကျေးရွာတစ်ဝိုက်နဲ့ ဖျောက်ဆိတ်ပင်နားလောက်သာ မိုးရွာပြီး ကျောက်ပန်း တောင်း၊ ညောင်ဦးကားလမ်းအရှေ့ဘက် ရွာတွေမှာတော့ မိုးမရွာသေးဘူး" ဟု သန့်စင်ကြယ်ကျေးရွာတောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင်မေ ၂၃ ရက်က ရွာသွန်းခဲ့သော မိုးမှာ ကွက်ကျားမိုးဖြစ်၍ မိုးရွာသွန်းမှု မရှိသေးသော နေရာများတွင် မျိုးမချနိုင်သေးသောကြောင့် အချိန်မီ မစိုက်ပျိုးနိုင်မည်ကို တောင်သူများစိုးရိမ်နေကြသည်။

ကျော်ဌေး

ကျောက်တံခါးမြို့နယ်တွင် လမ်းဖြတ်ကူးသူအား ဆိုင်ကယ်နှင့်တိုက်မှုဖြစ်

ကျောက်တံခါး၊ မေ ၂၆

ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေး(လမ်းဟောင်း)မိုင်တိုင် အမှတ် ၁၁၄/၅ နှင့် ၁၁၄/၆ အကြားတွင် မေ ၂၄ ရက် ညနေ ၃ နာရီခွဲက မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း စည်သူအောင် ၁၇ နှစ် သမင်အင်းကုန်းအုပ်စု၊ သူဌေးကုန်း အရှေ့နေသူမောင်းနှင်လာသည့် ဆိုင်ကယ် DAYANG(110)အနက်ရောင် တရုတ်နိုင်ငံ လုပ်(လိုင်စင်မရှိ)မှ၊ ရဲမြတ်စိုး ၁၇ နှစ် တစ်ရွာတည်းနေသူအား တင်ဆောင်၍မောင်းနှင်လာစဉ် ဖြူးစုအုပ်စု၊ ခင်ကြီးကျေးရွာနေ ဘာဘူလား ၄၀ နှစ်ဆိုသူမှာ လမ်း၏ အနောက်ဘက်မှ အရှေ့ဘက်သို့လမ်းလျှောက်ဖြတ်ကူးစဉ် စည်သူအောင် မောင်းနှင်လာသောဆိုင်ကယ်မှ အရှိန်မထိန်းနိုင်ဘဲ ဘာဘူလားအား ဝင်ရောက်တိုက်မိသဖြင့် ဘာဘူလားတွင် ဒဏ်ရာများရရှိပြီး အတွင်းလူနာ (စိုးရိမ်ရ)နှင့် ဆိုင်ကယ် မောင်းနှင်သူ စည်သူအောင်တွင်လည်း ဒဏ်ရာများရရှိပြီးရင်ဘတ်အောင့်၍ အတွင်းလူနာ(စိုးရိမ်ရ)ဖြစ်ပွားခဲ့ကြောင်း သိရ သည်။

ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူအား ကျောက်တံခါးမြို့မ ရဲစခန်းမှ ယာဉ်(ပ)၂၁/၁၄ ပြစ်မှု ပုဒ်မ ၃၃၈ ဖြင့် အရေးယူထားပြီး အမှုအား ရဲအုပ်သန်းဝင်းအောင်မှ ဆက်လက်စစ်ဆေးနေကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

မြစ်ကြီးနားမြို့နယ်အတွင်းရှိအင်တာနက်လိုင်းများ ကောင်းမွန်စေရေးအတွက်ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား၊ မေ ၂၆

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရေးနှင့် ဒေသခံပြည်သူများ၏ လိုလားချက်များအားဖြည့်ဆည်းပေးနိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းသည် မေ ၂၃ ရက်တွင် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ကချင်ပြည်နယ် ခရီးစဉ်အတွင်း မြစ်ကြီးနားမြို့နယ်တွင် တည်ဆောက်ထားရှိသော EWSD/DMS-10 အော်တိုအိတ်ချိန်းစခန်း၊ စာတိုက်၊ ကြေးနန်း၊ BSC စခန်းများနှင့် မိုဘိုင်းစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်အတွင်းရှိ တယ်လီဖုန်းဆက်သွယ်မှုလိုင်းများ ပိုမိုကောင်းမွန်စေရေးနှင့် အင်တာနက်အသုံးပြုမှု မြန်ဆန်စေရေးအတွက် ပြီးစီးပြီဖြစ်သည့် ရွှေဘို-ကန့်ဘလူ-ကောလင်း-အင်းတော်-မိုးညှင်း-ဟိုပင်-မြစ်ကြီးနား (96 Cores) ဖိုက်ဘာဆက်ကြောင်းစက်ပစ္စည်းများ တပ်ဆင်စမ်းသတ်ခြင်းလုပ်ငန်းကိုလည်း စံချိန်စံညွှန်းနှင့်အညီ လျင်မြန်စွာပြီးစီး၍ ပြည်သူများအသုံးပြုနိုင်ရေးအတွက်မှာကြားခဲ့သည်။

ကချင်ပြည်နယ်အနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ရွှေဘို-မြစ်ကြီးနား (96 Cores) ဖိုက်ဘာအဝေးလိုင်း ဆက်ကြောင်းများနှင့် စက်ပစ္စည်းများတပ်ဆင်ပြီးစီးပါက တယ်လီဖုန်းဆက်သွယ်မှုနှင့် အင်တာနက်အသုံးပြုမှုများ အထိုက်အလျောက်လွယ်ကူချောမွေ့ မြန်ဆန်လာမည်ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

စတုံချောင်းတံတားအား သံကူကွန်ကရစ်အဆင့် တိုးမြှင့်ဆောက်လုပ်

တောင်တွင်းကြီး၊ မေ ၂၆

မကွေးတိုင်းဒေသကြီး အတွင်းရှိ တောင်တွင်းကြီး - မြို့သစ် - နတ်မောက် လမ်းပေါ်၌ရှိနေသော စတုံချောင်းတံတားမှာ ယခုအခါ သံကူကွန်ကရစ်အဆင့်သို့ အသစ်တိုးမြှင့် တည်ဆောက် ပြီးစီးသွားပြီဖြစ်ကြောင်းသိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ တံတားအထူးအဖွဲ့(၃) မှ တာဝန်ယူတည်ဆောက်သော တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိအဆိုပါ စတုံချောင်း တံတားသည် အရှည် ၁၈၀ ပေ ၊ အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၂ ပေ ၆ လက်မစီ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

တံတားပေါ် ဖြတ်သန်းသွားလာကြသော ယာဉ်များအတွက် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ သတ်မှတ်ထားရှိကာ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် အုတ်မြစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ် ကိုယ်ထည်၊ ကြမ်းခင်းတို့ဖြစ်သည် ။

တောင်တွင်းကြီး - မြို့သစ် - နတ်မောက်လမ်းပေါ်၌ရှိနေသော အဆိုပါ စတုံချောင်းတံတားမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး တံတားသည် ယခင်မူလက သစ်သားအမျိုးအစား ဖြစ်ခဲ့ကာ ယာဉ်တစ်စီးချင်းအလိုက် စောင့်ဆိုင်း ဖြတ်သန်းနေရသဖြင့် အချိန်နှောင့်နှေး ကြန့်ကြာမှုများရှိခဲ့ကြောင်းလည်းသိရသည်။

ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ တံတားအထူးအဖွဲ့(၃) မှ စီစဉ်ဆောင်ရွက်လိုက်သော အဆိုပါ စတုံချောင်းတံတားမှာ အသစ်တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ လမ်းအသုံးပြုနေကြသော ဒေသခံများနှင့်တကွ ယာဉ်ကြီး၊ ယာဉ်ငယ်များ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ သိရသည် ။

စိုးဝင်း (MLA)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အင်ဂျင်နီယာချုပ်ရုံး
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇) နေပြည်တော်

၁၉၉၅ ခုနှစ်မှ စတင်ထုတ်ဝေသည်
၂၀၁၄၊ ၂၀၁၅ ပညာသင်နှစ်အတွက်
WORK BOOK
အင်္ဂလိပ်စာနှင့် သချာၤ လေ့ကျင့်ခန်း စာအုပ်များ။ သူငယ်တန်းမှ ဒသမတန်းအထိ ထွက်ပါပြီ
နေ့စဉ် ကျောင်းခေါ်ကြိမ် (က) စာရင်း။ ကျောင်းဝင် မှတ်ပုံတင်စာအုပ် (ခ) စာရင်း။
Teacher's Diary (နေ့စဉ် မှတ်တမ်း)၊ အချိန်ပိုင်းလိုက် ကျောင်းသား စာရင်း။
ကျောင်းသား/သူများ၏ ကိုယ်ရေးမှတ်တမ်း။ ကျောင်းထွက်လက်မှတ် ထုတ်ယူမှု မှတ်တမ်း စာအုပ်၊
လစဉ် အကဲဖြတ် မှတ်တမ်း။ ကိုယ်တိုင် ထုတ်ဖော်၊ ထုတ်ဖော် + အကဲဖြတ်၊ ခွင့်ကတ်၊ C.P.R ၊ C.E.T၊
M.R.C ၊ ကျောင်းစစ်ဆေးချက် မှတ်တမ်း။ အမှတ်စာရင်း ပေါင်းချုပ်၊ လစဉ် ကျောင်းခေါ်ချိန် မှတ်တမ်း။
ကျောင်းတက်/ကျောင်းဆင်း လက်မှတ်ထိုးစာအုပ်၊ ကျောင်းသူ/ကျောင်းသားများ မွေးသက္ကရာဇ်
မှတ်ပုံတင်စာအုပ် ပုံစံ (က)၊ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ် အခမဲ့ လက်ခံ ရရှိကြောင်း မှတ်တမ်း စာအုပ်
ရွှေဝံ စာအုပ်တိုက်

မြန်မာ–အိန္ဒိယနယ်စပ်ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၄၀ ကျော်ရရှိရန်လျာထား

တမူး၊ မေ ၂၆

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးတွင် အဓိကကုန်သွယ်စခန်းဖြစ်သော တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ယခုဘဏ္ဍာရေးနှစ် ၂၀၁၄-၂၀၁၅အတွက် ကုန်သွယ်မှုပို့ကုန် ဒေါ်လာ ၂၃ သန်းနှင့် သွင်းကုန် ၁၇ သန်းကျော် စုစုပေါင်း ဒေါ်လာသန်း ၄၀ ကျော်ရရှိရန် လျာထားကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အိန္ဒိယအရှေ့မြောက်ဘက်ရှိ ပြည်နယ်များဖြစ်သော အနုရာချာပရာဒက်၊ နာဂလန်း၊ မဏိပူရ်၊ မီဇိုရမ်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေ၍ မြန်မာနိုင်ငံဘက် တမူးနယ်စပ်ကုန်သွယ်ရေးကို ၂၀၁၃-၂၀၁၄ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မည်သည့်ကုန်သည်မဆို အသက် (၁၈) နှစ်နှင့်အထက် မှတ်ပုံတင်ရှိသူတိုင်း တစ်ပိုင်တစ်နိုင်ကုန်သွယ်ခွင့် ITC ကတ်ဖြင့် ရောင်းဝယ်ကုန်သွယ်ခွင့်ပြုထားကြောင်းသိရသည်။

ပို့ကုန် ၁၅၂ မျိုးနှင့် သွင်းကုန် ၁၅၁ မျိုးဖြင့် နှစ်နိုင်ငံကုန်သွယ်ခွင့်ပြုလျက်ရှိရာ မန္တလေး၊ ပခုက္ကူနှင့်ကလေးစသည့်ဒေသများမှထွက်ရှိသည့် ချင်းအစိုတင်ပို့မှုမှာ အားကောင်းလာခဲ့ရာ ကုန်သွယ်ရောင်းဝယ်မှုပမာဏ ငွေကျပ် ၃၅ သန်းအထိ သတ်မှတ်လျာထားကြောင်း သိရသည်။

မြန်မာ -အိန္ဒိယနှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပမာဏသည် လွန်ခဲ့သည့် သုံးနှစ်ခန့်မှစ၍ ပို့ကုန်နှင့်သွင်းကုန် အချိုးညီမျှမှုရှိလာပြီး ယခင်နှစ်လျာထားချက်မှာ ဒေါ်လာ ၃၅ သန်း ရရှိရန်လျာထားသော်လည်း အိန္ဒိယနိုင်ငံအတွင်း မငြိမ်မသက်မှုများကြောင့် ဒေါ်လာသန်း ၃၀ ကျော်သာရရှိခဲ့ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်စတွင် ၁၅ ရက်အတွင်း ပို့ကုန်ဒေါ်လာ တစ်သန်းကျော် ရရှိပြီဖြစ်ကြောင်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ အိန္ဒိယနိုင်ငံဘက်သို့ ကွမ်းသီးများ အဓိကတင်ပို့နေကာ ဒုတိယတင်ပို့မှုအများဆုံးမှာ ချင်း(ဂျင်းအစို) ဖြစ်ကြောင်း၊ အိန္ဒိယဘက်မှ ပြန်လည်တင်သွင်းသော ကုန်စည်မှာ ဂျုံနှင့် ပဲမျိုးစုံဖြစ်ကြောင်း သိရသည်။

တမူးနယ်စပ်တွင် သွင်းကုန်ပစ္စည်းအမျိုးအစား ၅၉၀ ကျော်နှင့် ပို့ကုန်ပစ္စည်းအမျိုးအစား ၁၅၀ ကျော် တရားဝင်ရောင်းဝယ်ကုန်သွယ်ခွင့်ပြုထားကြောင်း သိရသည်။

တမူးနယ်စပ်ကုန်သွယ်ရေးမှ ယခုကဲ့သို့ တစ်ပိုင်တစ်နိုင်ကုန်သွယ်ခွင့် ITC ကတ်ဖြင့် ကုန်သွယ်မှုခွင့်ပြုလိုက်သောကြောင့် နယ်စပ်ဒေသ ကုန်သည်များအနေဖြင့် လွတ်လပ်စွာ ကုန်သွယ်မှုပြုလုပ်လာနိုင်ပြီး နိုင်ငံတော်မှလည်း ဘဏ္ဍာငွေဆုံးရှုံးမှု လျော့နည်းလာကြောင်း သိရသည်။ **ချင်းတွင်းသား**

ကချင်ပြည်နယ်အတွင်း ပေါ်ကြွယ်လှသည့် ဇီဝမျိုးစုံမျိုးကွဲများနေ့ အသိပညာပေးဟောပြော

ပူတာအို မေ ၂၆

မြန်မာနိုင်ငံမြောက်ဖျားပိုင်းတွင် တည်ရှိသော ကချင်ပြည်နယ်အတွင်း ပေါ်ကြွယ်လှသည့် သဘာဝသယံဇာတအရင်းအမြစ်များ ဇီဝမျိုးကွဲများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန်၊ နောင်လာနောက်သားများ ထုတ်ယူသုံးစွဲနိုင်ရန်အတွက် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ရေးသည် ပြည်နယ်သားတိုင်း၏ တာဝန်ဖြစ်ပြီးနောင်မျိုးဆက်သစ်များ သိရှိနားလည်နိုင်စေရေး ဆရာ ဆရာမများက သင်ကြားပေးနိုင်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို မေ ၂၃ ရက် မွန်းတည့်အချိန်တွင် ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က ၂၀၁၄ ခုနှစ် မေ ၂၂ ရက်ကို အပြည်ပြည် ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့အဖြစ် ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းကသတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ အဓိပ္ပာယ်နှင့် လူသားတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့်သစ်တောများပြုန်းတီးခြင်းတိုးတက်လာသည့် လူဦးရေနှင့်တော တောင်များတွင် စိုက်ပျိုးမြေများချဲ့ထွင်လာခြင်း၊ စားကျက်မြေတိုးချဲ့လာခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်မှုပိုမိုများပြားလာခြင်း၊ သစ်များကို စနစ်တကျမခုတ်လဲခြင်း၊ ဓာတုဆေးဝါးများအလွန်အကျွံသုံးစွဲခြင်း၊ တောမီးလောင်ခြင်းစသည်တို့ကြောင့်သစ် တောကြီးများ ပျောက်ကွယ်သွားပါက အကျိုးဆက်အဖြစ် သစ်တောများတွင် မှီတင်းနေထိုင်ကြသည့် အင်းဆက်ပိုးမွှားများ၊ တောရိုင်းတိရိစ္ဆာန်ကြီးများပျောက်ကွယ်သွားမည်ဖြစ်သည့်အတွက် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်ထိန်းသိမ်းကြလိုပါကြောင်း ဒေသခံပြည်သူများအား အသိပညာပေး ဟောပြောသည်။

ကချင်ပြည်နယ်တွင် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့စေရေးအတွက် သဘာဝထိန်းသိမ်းနယ်မြေခြောက်ခု ဖွဲ့စည်း ထားပြီး ၎င်းတို့မှာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီဘေးမဲ့တော၊ ဟူးကောင်းတောင်ကြားဘေးမဲ့တော၊ ပိတောင် ဘေးမဲ့တော၊ အင်းတော်ကြီးဘေးမဲ့တောနှင့် ဖာဘွမ်ဘေးမဲ့တောများဖြစ်သည်ဟု သိရသည်။

(ပြည်နယ်ပြန်/ဆက်)

ဒေသခံကြက်သွန်စိုက်ပျိုးသူများနှင့် လယ်ယာစိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းမှုကြောင့် ယခုနှစ် ကြက်သွန်နီအောင်မြင်လာ

ရန်ကုန်၊ မေ ၂၆

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ လယ်ယာစိုက်ပျိုးရေးဦးစီးဌာနနှင့် မြင်းခြံမြို့နယ် ဗလုံကျေးရွာအုပ်စု၊ ပျော်ဘွယ်ကျေးရွာအုပ်စု တောင်သူဦးကြီးများ ပူးပေါင်း၍ ကြက်သွန်နီစိုက်ပျိုးရာတွင် စိုက်ခင်းရေသွင်း ရက်မှန်ကန်ခြင်း၊ ရေဖြတ်ရက်တိကျ၍ တူးဖော်ရက် သတ်မှတ်မှုစနစ် ကောင်းခြင်းကြောင့် ကြက်သွန်များ အရောင်အသွေးလှ၍ ဈေးကွက်ရရှိကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံကြက်သွန်စိုက်ပျိုးသူများ စနစ်တကျစိုက်ပျိုးမှုကြောင့်စိုက်ပျိုးမှုအောင်မြင်လာခဲ့သည်။

ဗလုံကျေးရွာအုပ်စုနှင့် ပျော်ဘွယ်ကျေးရွာအုပ်စုမှ တောင်သူဦးကြီးများ၏ ကြက်သွန်နီစိုက်ခင်းများကထွက်ရှိသော ကြက်သွန်နီများ ရေသွင်း၊ ရေဖြတ်၊ တူးဖော်ရက်စနစ်မှန်၍ အရောင်အသွေးတောက်ပြောင်ခြင်း၊ အရည်အသွေးကောင်းမွန်ကာ ကြက်သွန်နီဈေးကွက် ဖြစ်သောမန္တလေး ကြက်သွန်နီဈေးကွက်နှင့် မြင်းခြံခရိုင် ကြက်သွန်နီဈေးကွက်တို့တွင် တစ်ပိဿာ ၃၈၀ ကျပ်မှ ၄၀၀ ကျပ်အထိ ပေးကာ ဝယ်လက်များ အောက်ခြေအထိဆင်းပြီး ဝယ်ယူကြကြောင်း ယင်းဒေသရှိ ကြက်သွန်စိုက်သူ တောင်သူကြီးများက ပြောသည်။

ယခင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ပျော်ဘွယ်ကျေးရွာအုပ်စုနှင့် ဗလုံကျေးရွာအုပ်စုမှ ကြက်သွန်နီ စိုက်ပျိုးကြသည့် တောင်သူဦးကြီးများသည် မိရိုးဖလာ စိုက်ပျိုးနည်းများအတိုင်းသာ စိုက်ပျိုးခဲ့ခြင်းကြောင့် ဆယ်နှစ်နီးပါး ဈေးကွက်ဝင်ကြက်သွန်နီအဖြစ် အရည်အသွေး အဆင့်မမီဖြစ်ခဲ့ပြီး ဝယ်လက်ပျက်ဈေးဖြင့်သာ ရောင်းချရကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။

ယခုနှစ်ကြက်သွန်နီဈေးကွက်တွင် အောင်မြင်မှုရရှိသည့် တောင်သူဦးကြီးများ၏ စိုက်ပျိုးမှုနည်းစနစ်များကို လာမည့်နှစ် ကြက်သွန်နီစိုက်ပျိုးရာသီတွင် ဗလုံးကျေးရွာအုပ်စု၊ ပျော်ဘွယ်ကျေးရွာအုပ်စုများကဲ့သို့ မြင်းခြံမြို့နယ် လယ်ယာစိုက်ပျိုးရေးဦးစီးဌာနစနစ်များနှင့် လေးရွာစုံကျေးရွာ၊ ကံဆင့်ကျေးရွာအုပ်စုများမှ တောင်သူဦးကြီးများကလည်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းဝင်း**

အထူး လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော် သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်သော
၂၀၁၄ ခုနှစ်၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ဇွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲ
အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ "ထုတ်လုပ်ရောင်းချမှု ထူးချွန်
အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု" အား FAME ဆေးဝါး
ထုတ်လုပ်ရေး လုပ်ငန်းရှင် ဒေါက်တာ ခင်မောင်လွင်က
လက်ခံရရှိကြောင်း သိရသဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း...

ဒေါ်ငြိမ်းချမ်းသီတာ

ဆရာဦးဇော်လင်း (B.A,Korean,YUFL)
ကိုရီးယား

ဆောင်းပါး

နှလုံးသားကျင့်ဝတ်

à atmifufmf(qifcqyf)

လူ့မှုနယ်ပယ်တွင် တာဝန်တစ်ရပ်အဖြစ် မဖြစ်မနေလိုက်နာကြရသောအရာကို စည်းကမ်းဟု၍ခေါ်ဆိုပြီး ဓလေ့ ထုံးတမ်းစဉ်လာများနှင့် ကျင့်ဝတ်သိက္ခာများကို ကိုယ်ပိုင်အသိနှင့် ကျင့်ကြံခြင်းသည် ဝတ္တရားဖြစ်သည်။ တစ်နည်း စည်းကမ်းဟူသည် ဦးနှောက်ပိုင်းဆိုင်ရာ သညာအသိဖြစ်ပြီး၊ ကျင့်ဝတ်ကားနှလုံးသားထိတိုင် စွဲမြဲတည်ရှိသောပညာအသိဖြစ်သည်။'ဆေးလိပ်မသောက်ရ၊ကွမ်းတံတွေးမထွေးရ ' သတိပေးစည်းကမ်းများတွင် နယ်နိမိတ်ကန့်သတ်ချက်ရှိသည်။ ကျင့်ဝတ်ကားနယ်ပယ်အပိုင်းအခြားမရှိသော သတိပေးစာတန်း ရေးစရာမလိုသော တစ်လောကလုံးနှင့်ဆိုင်သည့် ကိုယ်ကျင့်တရား၊ လောကကိုစောင့်ရှောက်သည့် လောကပါလတရားဖြစ်သည်။

ဥပမာ "အားနည်းသောမိန်းမသားများကို မစော်ကားရ၊ ကာကွယ်စောင့်ရှောက်မှုပေးရမည်"ဟူသည် နှလုံးသားထဲတွင် စွဲမြဲထားပြီးသောလူသားအားလုံးနှင့် သက်ဆိုင်သော ကျင့်ဝတ်သိက္ခာလူ့ဝတ္တရားဖြစ်သည်။ စည်းကမ်းကောင်းတစ်ခုသည် အလေ့အကျင့်မှ အလေ့အထသို့တိုင် စွဲမြဲလာပြီဆိုပါက ဓလေ့ထုံးတမ်းစဉ်လာကောင်းတစ်ရပ် ဖြစ်လာခဲ့သည်။ ဤသည်မှာ လူ့ယဉ်ကျေးမှု၏ ဆင့်ကဲဖြစ်စဉ်နိယာမနမူနာကောင်းတစ်ရပ်ဖြစ်သည်။

သတ္တလောကတွင် အစုအဖွဲ့အဝိုင်းအဝန်းနှင့် မျိုးတူရာ စုစည်းနေထိုင်နေခဲ့ကြသည်။ သမိုင်းဦးကာလမှ ယနေ့ထိတိုင် ဖြစ်ပါသည်။ အဝိုင်းအဝန်းနှင့် ဆက်နွယ်ဖြစ်တည်လာသော ထုံးတမ်းစဉ်လာ ကျင့်ဝတ်သိက္ခာများနှင့် လောကကို အရိုင်းမှ အယဉ်သို့ ဆင့်ကဲဆင့်ကဲ ပြောင်းလဲ တည်ဆောက်လာခဲ့ကြသည်။ လောကပါလတရားများနှင့် အလှဆင်ခဲ့ကြသည်။ ဘိုးဘွားမိဘများ တာဝန်ကျေခဲ့ကြပါသည်။

သို့သော် မိမိတို့လက်ထက် မျက်မှောက်ကာလတွင် စည်းကမ်းများ၊ ကျင့်ဝတ်များ ပျက်ယွင်းလာနေသည်။ နယ်ပယ်အသီးသီးမှာ ပရမ်းပတာနေထိုင်မှုပုံစံ ခေတ်စားလာနေသည်။ ၂၁ ရာစုကို ပညာခေတ်ဟု တင်စားသတ်မှတ်ထားရာ အစဉ်လေ့လာသင်ယူနေမှ တော်ကာကျမည့် လူ့ဘောင်အဖွဲ့အစည်းမျိုးဖြစ်သည်။ ကျားကုပ်

> ကျင့်ဝတ်ကား. . . နယ်ပယ်အပိုင်းအခြား မရှိသော၊ သတိပေးစာတမ်း ရေးစရာမလိုသော၊ တလောကလုံးနှင့် ဆိုင်သော. . .

ကျားခဲ အားမာန်အပြည့်နှင့် အားခဲကြိုးပမ်းရှိနေကြရမည့်အစား ယခုလို ပေါ့ပျက်ပျက်နှင့် ပရမ်းပတာနေထိုင်မှုပုံစံများသည် အနာဂတ်အတွက် ပြယုဂ်ကောင်းများမဝေးသော အတိတ်မှ စည်းကမ်းမဲ့ခဲ့မှုများ၏ ဒဏ်ရာဒဏ်ချက်ဟူသမျှကို မိမိတို့၏မိဘများ ခါးစည်းခံတာဝန်ယူပေးနေကြရသည်။

မျက်နှာချိုသွေးရ၊ လက်ဝါးဖြန့်ရ၊ နာခံရနှင့် မျက်နှာပူစရာဘဝမျိုးမှ ရုန်းမထွက်နိုင်ဖြစ်နေကြရဆဲပါ။ ဖြစ်စဉ်ဖြစ်ရပ်ဟူသမျှ မူလဇာစ်မြစ်ရှိစမြဲဖြစ်သည်။ အရင်းစစ်အမြစ်မြေမှာဆိုသလို မိဘဆရာသမားများဖြစ်ကြသည့် မိမိတို့၏ အားနည်းချက်ဟု ဆိုရပါလိမ့်မည်။ အကြောင်းမှာ ယနေ့စည်းကမ်းကျင့်ဝတ် မလိုက်နာသူဟူသမျှ အိမ်တံစက်မြိတ်နှင့် ကျောင်းပရဝဏ်ကို ဖြတ်သန်းသွားကြသူချည်းဖြစ်ပါသည်။

မိဘဆရာတို့၏ မကောင်းမြစ်တာ ကောင်းရာညွှန်လတ်. . . အတတ်လည်းသင် ပဲ့ပြင်ဆုံးမ လောက ကျင့်ဝတ်များနှင့် သွန်သင်ဆုံးမမှုအောက်မှာ လူလားမြောက်သွားကြသူချည်းဖြစ်ကြရာ ရခိုင်ဘုရင်မင်းထီး၏ အမိန့်ပြန် တမ်းမှ သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်းဆိုသည်ကို ဝန်ခံ၊ လက်ခံနိုင်ကြရမည်သာ ဖြစ်ပါသည်။

တိုင်းပြည်ကိုချစ်လျှင် လူငယ်တွေကိုချစ်ရမည်ဆိုစကားအတိုင်း သူတို့လေးတွေ အနာဂတ်အတွက် ပြုစုပျိုးထောင် ပေးရသည်မှာ မိဘဆရာတိုင်း၏ အနှိုင်းမဲ့မေတ္တာနှင့် သမိုင်းပေး တာဝန်တစ်ရပ်ဖြစ်သည်။ သို့သော် ရလဒ်ကောင်းဖြစ် မလာဘဲ ခုတ်ရာတခြား၊ ရှရာတလွဲနှင့် ခဲလေသမျှ သဲရေကျ၊ အလဟဿဖြစ်လာနေရသည်မှာ လောကဓမ္မတာအရ အားသာချက်၊ အားနည်းချက်ဟူသည် ဖြစ်တတ်စမြဲဖြစ်သည်။ ခေတ်မမီသောအရာဆိုလျှင် ဖယ်ရှားကာ၊ ကောင်းကွက် ဟူသမျှ ပုံတူပွားလျက် ဝန်းကျင်လောကကို ဆန်းသစ်ကြရသည်။ လမ်းသစ်ထွင်ကြရမည်သာ ဖြစ်ပါသည်။

ကျောင်းဆရာဘဝမှာ သင်တန်းမျိုးစုံတက်ခဲ့ဖူးပါသည်။ အထူးသဖြင့် ပညာရေးဝန်ကြီးဌာနယူနီဆက်နှင့် ပညာတန်ဆောင်တို့ ပူးတွဲဖွင့်လှစ်သော သင်တန်းများတွင် ထူးခြားသောအတွေ့အကြုံများကို ရခဲ့ဖူးပါသည်။ ယင်းတို့ အနက်တစ်ခုမှာ သင်တန်းကာလ လိုက်နာသင့်သည့် စည်းကမ်းများကို သင်တန်းနည်းပြများသဘောနှင့် သတ်မှတ်ပေး ခြင်းမရှိဘဲ သင်တန်းသား မိမိတို့ကိုယ်တိုင် ရွေးချယ်ချမှတ်ကြရခြင်းဖြစ်ပါသည်။

အကျိုးဆက်မှာ သင်တန်းပြီးဆုံးသည်အထိ စည်းကမ်းဖောက်ဖျက်သူ မရှိသလောက်ဖြစ်ပါသည်။ ဤနမူနာကောင်းကို ကျောင်းများတွင် ကျင့်သုံးလာပြီဆိုပါက စည်းကမ်းဟူသမျှ ရေးပြထားစရာမလိုဘဲ ထိရောက်မှုရှိလာလိမ့်မည်ဟု ယုံကြည်မိပါသည်။ သူတို့လေးတွေကိုယ်တိုင် ရွေးချယ်ချမှတ်ထားသော စည်းကမ်းကို သူတို့လေးတွေ လေးစားလိုက်နာလာကြပါမည်။ ဤသို့ဖြင့် မိမိကိုယ်မိမိ တာဝန်ယူတတ်လာကြသော လူချွန်လူမွန်လေးများဖြစ်လာပြီး အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကောင်းတစ်ရပ် ပေါ်ထွန်း လာရမည်အမှန်ဖြစ်ပါသည်။

ကျောင်းတိုင်းတွင် ရေးထိုးထားသည့် အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းက ဆောင်ပုဒ်သည်လည်း အနှစ်သာရပြည့်ဝပီပြင်လာမည်ဖြစ်ပြီး ပညာရေးဖြင့် တည်ဆောက်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို မိမိတို့အမှန်တကယ် မြင်တွေ့လာကြရမည်ဖြစ်ပါသတည်း။ ။

မကွေးတွင် မန်ကျည်း ဈေးကျ၍ အရောင်း အဝယ်သွက်နေ

မကွေး၊ မေ ၂၆

မကွေး ဒေသတွင် မေလ ဒုတိယ သီတင်းပတ်အတွင်းက မန်ကျည်းဈေးကွက်မှာ ဈေးကျလျက်ရှိကြောင်းနှင့် တစ်ပိသာလျှင် ကျပ် ၅၀၀မှ ကျပ် ၅၂၀ အထိ ဈေးတက်ခဲ့သော်လည်း ၄၇၅ ကျပ် ဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ယင်းဈေးကွက်က သိရသည်။

အဆိုပါ ဈေးကွက်အတွင်း အရောင်းအဝယ် ဖြစ်နေသည့် မန်ကျည်းများမှာ ရေနံချောင်း၊ မြို့သစ်၊ တောင်တွင်း၊နတ်မောက်မြို့နယ်များမှ အဝင်ရှိကြောင်း အဆိုပါ ဈေးကွက်မှ သိရသည်။

ယခုနှစ်တွင်လည်းယခင်နှစ်များအတိုင်း တရုတ်ဈေးကွက်မှအဝယ်ရှိသောကြောင့် အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်။

"နယ်ဘက်က ပစ္စည်းတွေရောက်တာနဲ့ ချက်ချင်းပြတ်သွားတယ်။ ကုန်ပစ္စည်းပေါ်မူတည်ပြီးဈေးနှုန်းကတော့ပြောင်းလဲသွားတယ်"ဟု ရောင်းချသူတစ်ဦးကပြောသည်။

အဆိုပါ ကုန်များအားမူဆယ်မှ အဝယ်တော်များက မန္တလေးဈေးကွက်သို့ဆင်းကာ ကြိုတင်မှာကြားကြကြောင်း၊ မန္တလေးမှတစ်ဆင့် မူဆယ်သို့ တိုက်ရိုက်တင်ပို့ကြကြောင်း သိရသည်။ **မကွေးလှမြင့်**

ဖူးကြီးကျေးရွာတွင် မိုးကြိုးထိ၍လူတစ်ဦးသေဆုံး

ရန်ကုန်၊ မေ ၂၆

မေ ၂၄ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်က မှော်ဘီမြို့နယ် မြောင်းတကာရဲကင်းမှ ရဲအုပ်ကျော်သက်လွင်နှင့်အဖွဲ့သည် ဖူးကြီးကျေးရွာတွင် လူတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

သေဆုံးသူ မှာ မောင်အောင်ဇော်မင်း ၂၀ နှစ်ဖြစ်ပြီး ဆိုင်ကယ်ကယ်ရီ သိမ်းပြီး လက်ပံတန်းစုကျေးရွာသို့ လမ်းလျှောက်ပြန်လာစဉ် ဖူးကြီးရေလှောင်ကန် အနီးအရောက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ခံရကာသေဆုံး ခဲ့သည်။ ထို့ပြင်မောင်သိန်းသန်းစိုး ၁၄ နှစ်၊ မောင်အေးသူ ၁၄ နှစ်၊မောင်စိုး မိုးအောင် ၁၈ နှစ်တို့မှာ မိုးကြိုးစက်ကွင်းမိ၍ဒဏ်ရာများရရှိခဲ့ပြီး ဖူးကြီးတိုက်နယ်ဆေးရုံသို့ တင်ပို့ခဲ့သည်။ မှော်ဘီမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၁၆/၁၄)ဖြင့် အမှုဖွင့်ထားသည်။ **၃၁**

ခရီးသည်တင်ယာဉ်များအန္တရာယ်ကင်းရှင်းရေးပူးပေါင်းဆောင်ရွက်

ရွှေဘို၊ မေ ၂၆

ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် စစ်ဆေးရမည့်အချက်များ သတ်မှတ်၍ တာဝန်ရှိဌာန/ အဖွဲ့အစည်းများဖြစ်သော ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း) နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့များသည် မေ ၂၃ ရက် ညနေ ၄ နာရီ ခွဲက ရွှေဘို စုပေါင်းကားဝင်းအတွင်း၌ ပူးပေါင်းဆောင်ရွက်စစ်ဆေးသည်။

ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်နှင့် ပတ်သက်၍ သက်တမ်းရှိ ယာဉ်သက်သေခံလက်မှတ်၊ ကိုယ်ထည်၊ တာယာနှင့် အစိတ်အပိုင်းများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်အသုံးပြုနိုင်မှု၊ လူစီးထိုင်ခုံ တပ်ဆင်မှု၊ အရေးပေါ်ထွက်ပေါက် အသုံးပြုနိုင်မှု၊ အရေးပေါ်အခြေအနေအသုံးပြုနိုင်ရန် မီးသတ်ဆေး ဘူး၊ တူ၊ ပုဆိန် (Emergency Hummer) ယာဉ်တွင်တပ်ဆင်သည့် ရောင်ပြန်နှင့် ရပ်နားရာတွင် အသုံးပြုမည့် တြိဂံရောင်ပြန်ပါရှိမှုများကို စစ်ဆေးသည်။

ထိုသို့ ဖြစ်ပေါ်လာသည့် ပြဿနာအရပ်ရပ်အား သက်ဆိုင်ရာယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်လိုင်းတာဝန်ခံများက တာဝန်ယူရမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးမှူး ဦးအောင်သန်းဖြူက "ခရီးသွား ပြည်သူများရဲ့ အသက်အန္တရာယ်လုံခြုံရေးအတွက် ဦးတည်ပြီး ကြိုတင်ကာကွယ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ယာဉ်မထွက်မီ စနစ်တကျကြိုတင် ဆောင်ရွက်ရတာဖြစ်ပါတယ်" ဟု ပြောသည်။

မြင့်ထွန်း(ပြန်/ဆက်)

နှစ်(၉၀)ပြည့်မွေးနေ့မင်္ဂလာဆုမွန်လွှာ

အမည်ပြောင်း

အမည်မှန်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit) သို့ ဆွေးနွေးအကြံပြုချက်များအပေါ် သက်ဆိုင်ရာဆပ်ကော်မတီ၏ ရှင်းလင်းချက်များ

မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ

ချင်းပြည်နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ နွားနောက်နှင့် အသားတိုးဝက်မွေးမြူရေးအတွက် အရင်းအနှီး (ဥပမာ-ချေးငွေ၊ အထောက်အပံ့) တည်ထောင်ပေးပါရန် ဆွေးနွေးချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းအပ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ၆-၄-၂၀၁၄ ရက်နေ့မှ ၁၁-၄-၂၀၁၄ ရက်နေ့အထိ ချင်းပြည်နယ်ခရီးစဉ်တွင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် မတူပီမြို့နယ်သို့ ကျပ်သိန်း ၃၀၀၊ ရေဇွာမြို့နယ်ခွဲသို့ ကျပ်သိန်း ၃၀၀၊ တီးတိန်မြို့နယ်သို့ ကျပ်သိန်း ၃၀၀၊ ဆတ္တားကျေးရွာအတွက် ကျပ် ၁၀ သိန်းနှင့် ဆူရ်ခွာကျေးရွာသို့ ကျပ် ၁၀ သိန်းတို့အား ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါသည်။

အသားကဏ္ဍဖွံ့ဖြိုးတိုး တက်ရေးအတွက် တိုင်းဒေသကြီး၊ပြည်နယ်များရှိ မွေးမြူရေးချေးငွေရရှိနိုင်ရေးအတွက် အောက်ပါ အတိုင်းဆောင်ရွက်လျက်ရှိပါသည်။

(၁) တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိရစ္ဆာန်များ မွေးမြူလိုသူပိုင်ရှင်များသည် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှချေးငွေရရှိရေး ဆောင်ရွက်ရာတွင်ချေးငွေ အတွက် လုံလောက်သောပိုင်ဆိုင်မှု၊ အာမခံချက်နှင့်လိုအပ်သော မတည်ရင်းနှီးချေးငွေ ပမာဏအားလည်းကောင်း၊ မွေးမြူသူအစုအဖွဲ့များအခြေခံ၍ ကျေးလက်ဖွံ့ဖြိုးရေးဘဏ် လီမိတက်မှ မွေးမြူရေးအတွက် လိုအပ်သောချေးငွေ ပမာဏအားလည်းကောင်း ဦးစီးရုံးချုပ်သို့ အဆင့်ဆင့် စိစစ်တင်ပြပေးပြီး နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်လီမိတက်ရှိ ရန်ပုံငွေစာရင်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများမှတစ်ဆင့် စာချုပ်ချုပ်ဆို၍ ချေးငွေများအားတစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းအတိုးနှုန်းဖြင့်ချေးငွေ ထုတ်ပေးလျက်ရှိပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးနှင့်မွေးမြူလိုသူများအား စာချုပ် ချုပ်ဆို၍ တိရစ္ဆာန်များ လွှဲပြောင်းပေးရန်ဖြစ်ပြီးချေးငွေပြန်ဆပ်ရမည့်ကာလမှာ နွားတစ်ကောင်လျှင် သုံးနှစ်၊ ဝက်တစ်ကောင်လျှင် (ခြောက်လမှ တစ်နှစ်)၊ ဆိတ်တစ်ကောင်လျှင်တစ်နှစ် စာချုပ်ချုပ်ရန်ရှင်းလင်းတင်ပြအပ်ပါသည်။

ပဲတီစိမ်းလှိုင်လှိုင်ပေါ်ချိန် ကျပ်လေးသောင်းဝန်းကျင်ထိ ဈေးတက်

မုံရွာ၊ မေ ၂၆

ပဲတီစိမ်းစိုက်ခင်းအများအပြားရှိသော မုံရွာမြို့နယ်တွင် ပဲစတင်ကောက်၍ လှိုင်လှိုင်ပေါ်ချိန် မေလကုန် ရက်ပိုင်းအတွင်း ပဲတီစိမ်းတစ်တင်း ကျပ် ၄၀၀၀၀ ဝန်းကျင်အထိဈေးမြင့်တက်ခဲ့ကြောင်းမုံရွာဝန်းကျင် ပဲတီစိမ်းစိုက် တောင်သူများထံမှ သိရသည်။

ပဲတီစိမ်းကို မေလဆန်းတွင် စတင်ကောက်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် မေလဆန်းပိုင်းက တစ်တင်းလျှင် ကျပ် ၃၆၀၀၀ ဝန်းကျင်ရှိနေရာမှ မေလကုန်ရက်ပိုင်းတွင် တစ်တင်း ကျပ် ၄၀၀၀၀ ဝန်းကျင်အထိ ဈေးတက်သွားခြင်းဖြစ်ကြောင်း၊ ယခင်နှစ်များထက် ယခုနှစ်တွင် ဈေးပိုမိုရရှိကြောင်း မုံရွာမြို့နယ် ဘုဘကျေးရွာဒေသခံ ပဲတီစိမ်းစိုက်တောင်သူ ဦးချိုတူးကပြောသည်။

တရုတ်နိုင်ငံနယ်စပ်မှ အဝယ်လိုက်နေသော ပဲတီစိမ်းများအားတွေ့ရစဉ်။

ထိုသို့ ပဲတီစိမ်းဈေးကောင်းခြင်းသည် ယခုနှစ်တွင် တရုတ်နယ်စပ်မှ ဝယ်လက်များရှိသောကြောင့် ဈေးကောင်းလာကြောင်းနှင့် ယခုနှစ်ရာသီဥတုပူပြင်းသောကြောင့် ပဲတီစိမ်းစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေ ယခင်နှစ်ကထက် ပိုမိုပေးသွင်းရကာ မိုးရွာသွန်းမှုနည်းပါးသောကြောင့် ပဲတီစိမ်းအထွက်နှုန်း ပိုမိုကောင်းမွန်ခဲ့ကြောင်း ဒေသခံစိုက်ပျိုးသူများက ပြောသည်။

ယခုနှစ် စိုက်ပျိုးချိန် သုံးကြိမ်မှ လေးကြိမ်အထိ ရေပေးသွင်းပါက တစ်ဧကလျှင် ပထမအကြိမ် ပဲကောက်ချိန် ၂၅ တင်းမှ တင်း ၃၀ ဝန်းကျင်အထိ၊ ဒုတိယအကြိမ် ပဲကောက်ချိန်တွင် ၁၅ တင်းမှ တင်း ၂၀ ထိ အထွက်နှုန်းရရှိခဲ့ပြီး စိုက်ပျိုးရေ အကြိမ်နှစ်ကြိမ်အား ယခင်နှစ်များအတိုင်း ပေးသွင်းပါက တစ်ဧကလျှင် ပထမအကြိမ်ပဲကောက်ချိန် ၂၂ တင်းမှ ၂၅ တင်း၊ ဒုတိယအကြိမ် ပဲကောက်ချိန်တွင် ၁၀ တင်းမှ ၁၇ တင်းခန့်သာ အထွက်နှုန်းရရှိနိုင်မည်ဖြစ်ကြောင်း ပဲတီစိမ်းစိုက်တောင်သူတို့က ခန့်မှန်းကြသည်။

ယခင်နှစ် ပဲတီစိမ်းစိုက်ပျိုးရာသီတွင် ပဲတီစိမ်းမျိုးစေ့တစ်ပြည်လျှင် ကျပ် ၃၅၀၀ မှ ၄၀၀၀ ကျပ်ဝန်းကျင်အထိ မျိုးစေ့ဈေးနှုန်း မြင့်တက်ခဲ့ပြီး လယ်ယာလုပ်အားခအနေဖြင့် ယခင်နှစ် ပဲတီစိမ်းကောက်ရာသီတွင် လူတစ်ဦးလျှင် ကျပ် ၂၄၀၀ နှုန်းပေးရရာမှ ယခုနှစ်တွင် ကျပ် ၃၀၀၀ နှုန်းအထိ ဈေးတက်သွားကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကလေးမြို့တွင် လူမှုဖူလုံရေးဥပဒေသစ်နှင့်အညီ အလုပ်သမားများကို အကျိုးခံစားခွင့်များ ထုတ်ပေး

ကလေး၊ မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်သမားများကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်နှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားတဲ့ အလုပ်သမားတွေ ထိခိုက်ဒဏ်ရာရတဲ့အခါမှာ သွင်းထားတဲ့ လစာဝင်ငွေအပေါ်မှာ မူတည်ပြီး ခံစားခွင့်တွေ ထုတ်ပေးပါတယ်၊ သေဆုံးသွားတဲ့အခါမှာလည်း ကျန်ရစ်တဲ့ မိသားစုကို ပြန်ပြီးထုတ်ပေးပါတယ်။ နောက်ပြီး ထိခိုက်ဒဏ်ရာရ အလုပ်သမားတွေကိုလည်း ဆေးကုပေးတာမျိုးတွေ လုပ်ပေးပါတယ်" ဟု လူမှုဖူလုံရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ကလေးမြို့ လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားသည့် ချင်းသစ်ထုတ်ရေးမှ အာမခံအလုပ်သမား ဦးမြင့်မောင် (၅၀၂၇-၃၆-၁-၁-၄၄၂) သည် ၂၀၁၄ ခုနှစ် ဧပြီ ၁၂ ရက်တွင် သေဆုံးသွားခဲ့ရာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေသစ်နှင့်အညီ ပေးသွင်းထားသည့် လစာဝင်ငွေအပေါ် မူတည်၍ ငွေကျပ် ၇၂၀၀၀ ကို ဇနီးဖြစ်သူ ထံ မေ ၂၃ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

လင်းလက်ကြယ်စင်

ဇီးကုန်းတွင် လူတစ်ဦးကြိုးဆွဲချသေဆုံး

ရန်ကုန် မေ ၂၆

မေ ၂၄ ရက် နံနက် ၁ နာရီခန့်က လက်ခုတ်ကုန်းနယ်မြေရဲစခန်းမှ ရဲအုပ်နိုင်ဝင်းသည် ဇီးကုန်းကျေးရွာတွင် လူတစ်ဦးကြိုးဆွဲချသေဆုံးကြောင်း သတင်းအရသွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ကျော်ဝင်းနိုင် ၂၅ နှစ်ဖြစ်ပြီး နေအိမ်နောက်ဖက် သီဟိုဠ်ပင်တွင် လက်သန်းလုံးခန့်ကြိုးကို အသုံးပြု၍ ကြိုးဆွဲချ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စုံစမ်းချက်အရ သေဆုံးသူမှာ အရက်အလွန်အကျွံသောက်သူဖြစ်ပြီး လွန်ခဲ့သော သုံးရက်ခန့်က အရက်ဖြတ်ကာ စိတ်ဖောက်ပြန်ပြီး ကြိုးဆွဲချသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လက်ခုတ်ကုန်းနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၂/၁၄ ဖြင့်လက်ခံထားသည်။ **(၃၁)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်(၆၈)

တိုက်ရောင်းမည်

ရောင်းရန်ရှိသည်

လှ သ ထက် လှ လို လျှင်
01-691492 - 09-5010196

ဆရာကြီး ဦးဝင်းထိန်

ကျန်းမာရေးဆောင်းပါး

ကျိုးကြောင်းခိုင်လုံမြန်မာ့တိုင်းရင်းဆေးဖုံ

ယမန်နေ့မှ အဆက်

လက်တွေ့ဆေးချက်ချကုသမှုဆိုင်ရာ သုတေသနပြုမှုနှင့် စပ်လျဉ်း၍ မြန်မာ့တိုင်းရင်းဆေးဥပဒေတွင် ‘မိမိဖော်စပ်ဆေးချက်ချကုသမည့်ဆေး၏ ချိုချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် တည်းဟူသော အရသာ (၆) ပါးအသိကို သိရှိမှုဖြင့် မလုံလောက်ဘဲ ၎င်းဆေး၏ ဂုဏ်၊ စွမ်းရည်သတ္တိကို လေ့လာဆန်းစစ်၍ (ဥပမာ- အဖျားအမျိုးမျိုးပျောက်သည်ဆိုရာတွင် မည်သည့်အဖျားအမျိုးအစားတို့တွင် အသုံးပြုနိုင်ကြောင်း၊ ရောဂါအမျိုးမျိုးအတွက် ဆေးတစ်မျိုးတည်း မဖြစ်စေဘဲ သီးသန့်ဖော်စပ် တိုက်ရိုက်အကျိုးပြု ထက်မြက်သည့် ဆေးဝါးဖြစ်စေရန် လေ့လာသုံးသပ်နိုင်မှု) တစ်နည်းအားဖြင့် သုတေသနပြုတွေ့ရှိချက်တွင် ထိရောက်မှုအရှိဆုံးဆေးတစ်မျိုးတည်းကိုပါ သုတေသနပြုသင့်ပြီး ရောဂါအမျိုးမျိုးပျောက်သည်ဟု ဆေးဝါးကြော်ငြာမျိုး မဖြစ်စေရန်’ သတိပေးရေးသားထားသည့်အတိုင်း အလေးဂရုပြုရပေမည်။

ဖော်စပ်ပြီးဆေးဝါးများကို သုံးစွဲရာတွင် ဆေးပညာရှင်၏ လူနာအပေါ် ဖြစ်ပေါ်လျက်ရှိသော ရောဂါဆိုင်ရာ ကောက်ချက်ချခြင်း၊ ဆေးဝါးသုံးစွဲသူ လူနာများသို့ တိုက်ရိုက်ဖြစ်စေ၊ ထုတ်လုပ်သည့် ကုန်ချော ပစ္စည်းပေါ်တွင် တိကျစွာ ရေးသားထားသည့် ဆေးညွှန်းမှတစ်ဆင့်ဖြစ်စေ ဆေးဝါးသုံးစွဲသူအနေဖြင့် ဆေးပြုရည်၊ ဆေးမှုန့်၊ ဆေးနှစ်၊ သတ္တုရည်၊ ဆေးအဆီ စသည့်ဆေးအသွင်သဏ္ဌာန်၊ ဆေးသောက်ရမည့်ပမာဏအတိုင်းအတာ၊ အချိန်အတွယ် ပမာဏ (လက်ဖက် စားဇွန်း၊ ထမင်းစားဇွန်း၊ တစ်ပဲသား၊ နှစ်ပဲသား. . . စသည်)တို့ကို တိကျမှန်ကန်စွာ သုံးစွဲစေခြင်း၊ ဆေးဝါးသုံးစွဲမှုမှလည်း တိကျမှန်ကန်စွာလိုက်နာဆောင်ရွက်ခြင်းစသည့် စနစ်တကျပူးပေါင်းဆောင်ရွက်မှုဖြင့် ဆေးဝါးစားသုံးမှုနှင့် ရောဂါသက်သာမှုအတိုင်းအတာတို့ကို မှတ်တမ်းတင်ပြီး အထောက်အထားများ မှန်ကန်ခိုင်မာစွာ ရယူထားခြင်းဖြင့် မိမိဖော်စပ်ထုတ်လုပ်၊ ကုသသည့် ဆေးဝါး၏ အရည်အသွေးမြင့်မားမှု၊ အစွမ်းထက်မြက်မှုကို ကျိုးကြောင်း ခိုင်လုံစွာ သိရှိမှသာလျှင် ပြည်သူများ သုံးစွဲရာတွင် ‘ကျိုးကြောင်းခိုင်လုံဆေးဖုံ” အဖြစ် အကျိုးထိရောက်မှုရှိပြီး၊ မြန်မာ့တိုင်းရင်းဆေး ပညာရပ်အနေဖြင့်လည်း နိုင်ငံတကာအဆင့်မီ နှုန်းမီ စံကိုက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတော့သည်။

ပုဂံ–ကြို့ပင်ကောက်ရထားခရီးစဉ်တွင် ခရီးဆောင်အိတ် အခိုးခံရမှုဖြစ်ပွား

ကြို့ပင်ကောက်၊ မေ ၂၆

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေသူသည် မေ ၂၂ ရက် နံနက် ၂ နာရီက ၎င်း၏ဇနီးဖြစ်သူ၊ သမီးဖြစ်သူတို့နှင့်အတူ အမှတ်(၆၂)အစုန် ပခုက္ကူ-ရန်ကုန်ရထားအား ထိုင်ခုံအမှတ် ၃၄/၃၅/၃၆ ဖြင့် ပုဂံမှ ကြို့ပင်ကောက်သို့ လိုက်ပါစီးနင်းလာရာ ကိုးပင် ဘူတာအရောက် အိပ်ပျော်ရာမှ နိုးလာစဉ် ခရီးဆောင်အိတ်အား ကြည့်ရှုရာ ပျောက်ဆုံးသွားကြောင်း သိရသည်။

အဆိုပါခရီးဆောင်အိတ်အတွင်း ထည့်ထားသည့် ကျပ်တစ်ထောင်တန် ၃၇၀ ရွက်၊ ငွေကျပ် ၃၇၀၀၀၀ နှင့် ကျား၊ မဝတ်အင်္ကျီ၊ လုံချည်မျိုးစုံ၊ ခရီးဆောင်အိတ်အပါအဝင် စုပေါင်းတန်ဖိုး ငွေကျပ် ၄၃၄၀၀၀ ခန့်ကို ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းခဲ့သဖြင့် ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်နယ်မြေရဲစခန်းက (ပ)၂၄/၂၀၁၄၊ ပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်ပညာ အထူးသင်တန်းဆင်းပွဲအခမ်းအနားအား တွေ့ရစဉ်။

ရေတာရှည်မြို့နယ် မူလတန်းဆရာအတတ်သင်ပညာ အထူးသင်တန်းဆင်း

ရေတာရှည်၊ မေ ၂၆

မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်ပညာ အထူးသင်တန်းဆင်းပွဲကို မေ ၂၃ ရက် မွန်းလွဲပိုင်းက ရေတာရှည်မြို့၊ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းသည့် ဆရာ၊ ဆရာမများနေဖြင့် သင်တန်းမှရရှိခဲ့သော အတွေ့အကြုံများကို အသုံးချကာ လက်တွေ့နယ်ပယ်တွင် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးတို့ကို မြို့နယ်ပညာရေးမှူး ဆရာကြီးဦးအုန်းမြင့်က အဆိုပါအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဧပြီ ၂၃ ရက်မှစတင်၍တစ်လကြာ ဖွင့်လှစ်ခဲ့သော အဆိုပါသင်တန်းတွင် သင်တန်းသား ဆရာ ၁၇ ဦး၊ ဆရာမ ၁၅၀ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး မြို့နယ်ပညာရေးမှူးက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးကျော်နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်သမဝါယမသင်တန်းသားများ တွေ့ဆုံ

စစ်ကိုင်း၊ မေ ၂၆

သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် အဆင့်မြင့်သမဝါယမသင်တန်း၊ အမှတ်စဉ် (၂/၂၀၁၄) သင်တန်းသား၊ သင်းတန်းသူ တွေ့ဆုံပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက သမဝါယမတက္ကသိုလ် (စစ်ကိုင်း) မြသရဖီခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းက သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်နှစ်ရပ်၊ လုပ်ငန်းစဉ်ငါးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ သမဝါယမသင်တန်းကျောင်းများတွင် (Grade I Level) စာရင်းရေး၊စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းများမှ အရည်အချင်းပြည့်ဝစွာ အောင်မြင်လာသူများကို သမဝါယမတက္ကသိုလ်/ကောလိပ်များ၌ ဖွင့်လှစ်သော အဆင့်မြင့်စာရင်းရေး၊ စာရင်းကိုင်၊ စာရင်းစစ် (Grade II Level) သင်တန်းတွင် ဆက်လက် တက်ရောက်ခွင့် ရှိကြောင်း၊ သမဝါယမတက္ကသိုလ်/

> **အရည်အချင်းပြည့်ဝစွာ အောင်မြင်လာသူများကို. . .**

ကော်လိပ်များတွင် အမှုထမ်းများ အခြေခံ သမဝါယမသင်တန်းနှင့် အရာထမ်းများ အဆင့်မြင့်သမဝါယမသင်တန်းအမှတ်စဉ်(၂/၂၀၁၄) အပါအဝင် သင်တန်းငါးကြိမ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် အမှုထမ်း ၁၀၉ ဦး၊ အရာထမ်း ၂၅၉ ဦးတို့ကို သင်တန်းဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့ကြောင်း၊ သမဝါယမအရာထမ်း၊ အမှုထမ်းများအား စာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းစစ်ပညာများအပြင် စဉ်းစားတွေးခေါ်မှု ပြောင်းလဲခြင်း (Change of the Mindset) သင်ခန်းစာများ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အောင်မြင်နေသော သမဝါယမအသင်းများ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားချေးငွေ (Microfinance) လုပ်ငန်းဆောင်ရွက်ပုံ လုပ်နည်း လုပ်ဟန်များ သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍ အစရှိသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ပေါင်းစပ်၍ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက လမ်းညွှန်မှာကြားခဲ့သည်။

